

စိတ်ကူးချိုချိအနုပညာ

ခင်နှင်းယု

# ထိပ်စုဖုရားမဖျိုင်း

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com



ခင်နှင်းယု

# ထိပ်စုဖုရားမဗျိုင်း

ISBN 9789997116161
KHY10
9 789997 116161
3,200.00KS

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံးပန်းချီ - အောင်ကျော်
၂၀၁၃၊ ဇူလိုင်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း အုပ်ရေ ၅၀၀
ရောင်းဈေး ၃၂၀၀ ကျပ်

၈၉၁.၈၃

ထိပ်စုဗုရားမဂျိုင်း
ခင်နှင်းယု -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၂၅၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) ထိပ်စုဗုရားမဂျိုင်း

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ထိပ်စုဖုရားမဗျိုင်း
## ခင်နှင်းယု

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

"ပညာသင်ချိန်မှစ၍ မိဘသဖွယ် စောင့်ရှောက်ခဲ့ပါသော
"ဘကြီးဟန်" အား ဤစာအုပ်ဖြင့်
ရှိသေစွာ ကန်တော့ပါ၏"

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# နိဒါန်း

"ထိပ်စုဖုရား မဖျိုင်း" ဝတ္ထုကို ကျွန်မသည် အခန်း ၁၂ ခန်းဖွဲ့၍ အောက်ပါခေါင်းစဉ်ငယ်များတပ်၍ ရေးသားခဲ့သည်။

၁။ မင်္ဂလာရယ်တဲ့မှ မဏ္ဍိုင်လေ
၂။ သူဌေးမကြီး
၃။ သခင်လှဦး
၄။ ဒေါ်မေဓာဝီ
၅။ လပြည့်ဇွန်ကဆုန်
၆။ ဟောမန်ပန်းချီပြပွဲ
၇။ နေမထွက်သောနေ့
၈။ တစ္ဆေမင်းဆက်၏ နောက်ဆုံးမင်းသား
၉။ အခါတစ်ပါး
၁၀။ ဒီဗန်းနှင့် လက်ချမိး
၁၁။ လမ်းအိုကလေး
၁၂။ ကောင်းခြင်းယခု သည်ချိန်ခါ

ဇာတ်ကောင်များ များလှ၍ ဖတ်ရသူတို့ ရှင်းလင်းစေရန် ဆွေစဉ်မျိုးဆက်ဇယားများကိုလည်း ဖော်ပြလိုက်ပါသည်။

ဤဝတ္ထုကို ရေးသားရာ၌ မရှင်းမလင်းသော အကြောင်းအရာများ

mgyoe.com

mgyoe.com

ကို ဆွေးနွေးသောအခါ ပြေလည်အောင် ဆွေးနွေးပြောဆို ညွှန်ပြသော သူများအား ကျေးဇူးတင်ရှိပါ၏။

အထူးသဖြင့်

သာသနာ့ရိပ်သာရှိ ဆရာတော်များအား လည်းကောင်း၊

အငြိမ်းစား မြန်မာစာပါမောက္ခ ဦးအေးမောင်အား လည်းကောင်း၊

ကျွန်မအား ဆေးကုသရာတွင် ဒီဇန်းနှင့် လက်ချမ်းတို့ကဲ့သို့ တကယ့်ဝတ္ထုတိုလေးများကို ပြောကြား၍ စိတ်ဓာတ်ပြောင်းပြီးမှ ဆေးကုသတတ်သော ဆရာဝန်ကြီး ဦးမင်းစိန်အားလည်းကောင်း၊ စိတ္တဇဆေးရုံမှ ဆရာဝန် ဦးအုန်းမောင်တို့အား အထူးကျေးဇူးတင်ပါ၏။

ဇာတ်ကောင်များကို အကွက်ချရာ၌ မပြေလည်သည်ရှိသော် ခွင့်လွှတ်စေလိုပါသည်။ ။

ချမ်းမြေ့ ရွှင်လန်းပါစေ

**စာရေးသူ**

mgyoe.com

# ဆွေစဉ်မျိုးဆက် ဇယား

## ဆက်မိသားစု

ဦးထွန်းဦး + ဒေါ်သာလိ (မောင်- ဦးလှိုင်)

သားများ

ဦးဆက် + ဒေါ်ခင်စောမူ | ဦးသက် + ဒေါ်တင်မြသွင်

သမီးများ | သားများ

ခင်မျိုးဆက် | ခင်မေဆက် | မောင်လူမွှေး | မောင်လူကျေး

---

## ဦးရွှေလင်း မိသားစု

သား

ဦးရွှေဦး (နှမ) ဒေါ်မေကြည်သင်း

သား | သမီး

ဗျွန် ခေါ် ဦးရွှေဦးမောင် | တင်မာလာ

mgyoe.com

mgyoe.com

ကိုထွန်းလှ + မမြသန်း (ဒေါ်မေစာဝီ)
(ဆက်မိသားစုမှ ဦးဆက်၏ နှမဝမ်းကွဲ)

သမီး

မညွန့်ရီ + သာအေး

သားများ

ကိုရင်ပုည ကိုရင်သံဝရ

---

မေကျာစမိုက် + ဒေါ်ခရစ္စတီနာ (သူနာပြုဆရာမကြီး)

သမီး

ရှင်မင်းထွေး

mgyoe.com

mgyoe.com

ဥပဒေသမားများ

၁။ ဝတ်လုံတော်ရ ဦးမင်းဟန်နှင့် ဇနီး ဒေါ်မြဆွေ
၂။ ဝတ်လုံတော်ရ ဦးမေအောင်
၃။ ဝတ်လုံတော်ရ ဦးချန်စူး

ဆရာဝန်များ

၁။ ဆရာဝန်ကြီး ဦးမင်းချိန်
၂။ ဆရာဝန် ဦးအုန်းမောင်
၃။ ဆရာဝန် မင်းရွှေဖဲ
၄။ ဆရာဝန် ဦးဝင်းမွန်

ဇာတ်ရုံများ

၁။ ဆရာတော် ဦးဝဏ္ဏ
၂။ ဦးရွှေသင်း
၃။ စက်ရှင်တရားသူကြီး ဦးဗမော်
၄။ သခင်လှဦး
၅။ ဗိုလ်မှူး စောလှဖြူ
၆။ တင်မောင်မြင့်

mgyoe.com

mgyoe.com


၇။ မော်လီချန်

၈။ လယ်သမား သာအေး

၉။ ဦးကျိုးမြိုင် ဇနီး ဒေါ်အေးမြ

၁၀။ ကိုနန္ဒ

၁၁။ ဒီဗန်းနှင့် လက်ချမ်း

၁၂။ မောင်ထွန်းဖေ

၁၃။ ဒေါ်ဘက်တီ (သူနာပြုဆရာမ)

၁၄။ သခင်မကြီး ဒေါ်သိန်းရင်


ဝ

mgyoe.com

mgyoe.com

# [၁]

## မင်္ဂလာရယ်တဲ့မှ မဏ္ဍိုင်လေ

"မောင်ရင်က ဆရာဝန်ကြီး မင်းရွှေဖဲနဲ့ ဘာတော်ပါသလဲ"

ဆင်ဝင်အောက်တွင် သူ့အား အဆင်သင့် ကြိုဆိုနေသော လူကြီး ဂစ်ယောက်က မေးလိုက်၏။

"ကျွန်တော့်နာမည်က ဒေါက်တာ မင်းရွှေဖဲပါ ခင်ဗျာ"

မင်းရွှေဖဲသည် သူ့ကိုယ်သူ မိတ်ဆက်လိုက်၏။ ထိုလူကြီးသည် ရှိညွတ်သော အမူအယာသို့ ပြောင်းလိုက်၏။

"ကျုပ် နာမည်ကတော့ ဦးကျိုးမြိုင်တဲ့၊ ဟောဒါက ကျုပ်ဇနီး မအေး မြရယ်။ ကျုပ်တို့ အိမ်ကြီးကို စောင့်ပါတယ်။ လွန်ခဲ့တဲ့အပတ်ကတည်းက ဒေါက်တာ အုန်းမောင်က ပြောထားလို့၊ ဒါပေမဲ့ ဆရာဝန်ကြီး မင်းရွှေဖဲ ဆိုတော့ အတော်အိုပြီ အောက်မေ့နေတာ ... မောင်ရင်က ငယ်ငယ် ရှိသေး တာကိုး။ ကျုပ်စိတ်ထင် ဒေါက်တာ အုန်းမောင်ထက်တောင် ငယ်မည်ထင် တယ်"

"ဟုတ်ကဲ့ ခင်ဗျာ"

"ဟောဒီမှာ သော့ပါ။ ကျုပ်တို့ အိမ်ပေါ်ကို လိုက်ပြဖို့ လိုပါသေး သလား"

"လိုက်ခဲ့ပါ ခင်ဗျာ၊ ကျွန်တော်က တစ်ယောက်တည်းသမားပါ။ ကျွန်တော့်မှာ ကားမောင်းတဲ့ သက်ဖေဆိုတဲ့ တပည့်တစ်ယောက်နဲ့ သူ့ဇနီးပဲ ပါပါတယ်။ မောင်သက်ဖေ မိန်းမက ထမင်းချက်ပါတယ်"

mgyoe.com

mgyoe.com


"ဒီတော့ သူတို့လင်မယား နှစ်ယောက်နေဖို့ နောက်ဖေးတန်းလျားကို ရှင်းပေးရဦးမလား၊ အိမ်ကြီးထဲမှာတော့ အခန်းစုံကို ဟိုအပတ်ကတည်းက ရှင်းထားပါတယ်"

မင်းရွှေဇံသည် ခေတ္တ စဉ်စားလိုက်၏။

"မလိုဘူးထင်ပါတယ် ခင်ဗျာ၊ ကျွန်တော်နဲ့အတူ သူတို့ကို အိမ်ထဲမှာပဲ နေစေချင်ပါတယ်။ သူတို့ ပစ္စည်းတွေနဲ့ ရောက်လာလိမ့်မယ်၊ ဦးကျီးမြိုင်ပဲ သော့ဖွင့်ပြီး လိုက်ပြပါ။ အိမ်က စိမ်းနေသေးတယ်။ ဒေါက်တာ အုန်းမောင်က ကြိုက်တယ်ဆိုတာနဲ့ ကျွန်တော်က ကြိုတင်ပြီး လာမကြည့်တာပါ။ ကျွန်တော့် စိတ်ကြိုက်ထက်တောင် အိမ်ကြီးက ကျယ်ဝန်းနေသေးတယ်။ အပြင်က မြင်ရတာနဲ့တောင် ကျွန်တော် အိမ်ကြီးကို သဘောကျနေပါတယ် ခင်ဗျာ"

ဦးကျီးမြိုင်သည် ရှေ့မှတံခါးဖွင့်၍ အောက်ထပ်ကို အရင်ပြ၏။ အောက်ထပ်တွင် ဧည့်ခန်း၊ ထမင်းစားခန်းနှင့် အိပ်ခန်းနှစ်ခု။ အုတ်တိုက်ခံထားသော်လည်း ကြမ်းများကို ရာထိုး၊ ပျဉ်များခင်းထား၏။ အပေါ်ထပ်တွင် ပျဉ်ထောင်ကာ၍ အုတ်ကျွတ်မိုးထား၏။ သို့သော် ကျွန်းသားများဖြင့် ထာဝရ မွမ်းမံ ပြင်ဆင်ထားပုံရ၏။ ဆွေးမြေ့ ဟောင်းနွမ်းနေသောနေရာ ဟူ၍ တစ်ကွက်မှမရှိပေ။ အပေါ်ထပ်တွင် ရှေ့မျက်နှာ ဆင်ဝင်ခန်းမ အကျယ်ကြီးနှင့် သုံးဖက်ပတ်လည်ရှိ အိပ်ခန်းလေးခန်းများ ဘေးတွင် ဝရန်တာများ ခပ်ကျယ်ကျယ်ထုတ်ထား၏။ ရတ်တရက်ကြည့်လျှင် အိမ်ပုံစံမှာ ရှေးသူဌေးအိမ်များဆန်ဆန် ရိုးလှ၏။ သို့သော် သီးသန့်ရေချိုးခန်း၊ ရေဆွဲအိမ်သာများနှင့် အထဲတွင် အခန်းဖွဲ့ပုံမှာ ခေတ်မီ သပ်ယပ်သန့်ရှင်းလှသည်။

"ပထမနေသွားတဲ့လူတွေက အိမ်သား အတော်များတယ် ထင်တယ်"

သူသည် ရှေ့ဘက်ဆင်ဝင်ခန်းမကြီး၏ မှန်ပြတင်းကို ဖွင့်ရင်း မေးလိုက်သည်။

"ဪ အိမ်ငှားတွေ မဟုတ်ပါဘူး၊ ကျုပ်တို့သူဌေးမကြီး ကိုယ်တိုင် နေတယ်။ တစ်ယောက်တည်းပါ"

"ဒါလောက်အိမ်ကျယ်ကြီးထဲမှာ သူတစ်ယောက်တည်းနေတယ်"

mgyoe.com

မင်းရွှေဇံသည် တအံ့တသြမေးလိုက်သည်။

"ဒီလိုပါမောင်ရင်၊ သူတို့ဘိုးဘွားမိဘတွေလက်ထက်ကတော့ အိမ်နဲ့ လူနဲ့တစ်လုံးပေါ့။ ခုတော့ သူ့အပါးမှာ သူ့ကိုပြုစုဖို့ သူနာပြုဆရာမလေး တစ်ယောက်ထားတယ်။ ထမင်းချက်တဲ့သူငယ်မနဲ့ အိမ်မှာသန့်ရှင်းဖို့ သူငယ်မလေးကတော့ အောက်ထပ်မှာနေပါတယ်။ ကားမောင်းတဲ့ ကုလား လင်မယား မိသားစုကတော့ ကျုပ်တို့နဲ့ အတူနေပါတယ်။ ဟိုခင်းပါ ဒီအိမ်ကို အကြောင်းတစ်ခုခုကြောင့် သူ မနေတာပါ ငှားစားဖို့ မရည်ရွယ် ပါဘူး"

"ဟုတ်ကဲ့"

"မောင်ရင့်ဆီကရတဲ့ လခကလည်း ဒီအိမ်ကြီးကို မွမ်းမံပြုပြင်ဖို့ပဲ"

ဦးကျိုးမြိုင်ပြောပုံက သူ၏အိမ်ရှင်သည် ဤအိမ်ကြီးကို ငှားစားရ သည့်အဖြစ်ထိ စီးပွားရေး ယိမ်းယိုင်ခြင်းမရှိကြောင်းကို တစ်စွန်းတစ်စ ဖော်ပြလျက်ရှိ၏။

"ဟုတ်မှာပေါ့ဗျာ၊ ခုနေခါ အိမ်ဈေးတွေကလည်း ကောင်း၊ ခုလို ရှေ့က မျက်ခင်းကျယ်ကြီးတွေနဲ့ လမ်းမပေါ်မှာ ခြံကျယ်ကြီးနဲ့ အိမ်ကြီးတွေ ဆို သံရုံးငှားစားဦးတော့ တစ်လနှစ်ထောင်တော့ အေးအေးလေးပဲ"

သူသည် ပြတင်းမှ မြင်ရသော မြက်ခင်းစိမ်းပျံ့ပျံ့ကြီးကို မျှော်ကြည့် ရင်း ပြောလိုက်၏။

"မှန်ပါတယ် ခင်ဗျာ၊ ဆရာ့ကို ကျုပ် တစ်ခုပဲ တောင်းပန်ရမယ်။ မြက်ခင်းကတော့ ကျယ်ကျယ်ပျံ့ပျံ့မို့ ကြိုက်မှာပဲ။ ဒီမြက်ခင်းခေါင်းရင်း ဘက်က ဟိုဘက်ခြံနား ကပ်နေတဲ့နေရာမှာ နှစ်ယောက်ထိုင်ခုံတန်းဖြူလေး တွေ့လား"

ဦးကျိုးမြိုင်သည် သစ်သားခုံတန်းလျားကိုလက်ညှိုးညွှန်ပြ၏။

"ဟုတ်ကဲ့ တွေ့ပါတယ်"

"အဲဒီခုံကလေးကိုတော့ ဘယ်နေရာမှ ရွှေ့ပြောင်းထားဖို့ စိတ်မကူး ပါနဲ့။ ခုံတန်းလျားနောက်က ထောက်ဇရစ်ပင်နဲ့ ဆိတ်ဖလူးပင်ကိုလည်း ခုတ်ပစ်ဖို့ ကျုပ်ကို မခိုင်းပါနဲ့နော်။ သူဌေးမကြီးက သေသေချာချာမှာတယ်၊ အဲဒီနှစ်ခုကလွဲရင် မောင်ရင်ကြိုက်သလို ခြံဝန်းကို ပြုပြင်ပေးလိုက်ပါတဲ့။ ကျုပ်က မာလီပေါ့၊ တစ်ခြားလူငှားရင် ပစီပဇာများမှာစိုးလို့ လူအေးအေး

mgyoe.com

mgyoe.com


ရှာပေးဖို့ သူဌေးမကြီးကလည်း ဒေါက်တာ အုန်းမောင်ကို ပြောတာ ဖြစ်ပါ လိမ့်မယ် ခင်ဗျာ"

"အို ... ကျွန်တော့်အဖို့ ဒီခုံတန်းလျားကိစ္စကော၊ သစ်ပင်ကိစ္စကော စိတ်အနှောက်အယှက်ဖြစ်စရာ မရှိပါဘူး။ ဒီအိမ် ခြံဝင်းကို ဦးကျီးမြိုင်ပဲ ဆက်လက် စောင့်ရှောက်ပေးပါ။ ကျွန်တော် လိုအပ်တာရှိလည်း ဦးကျီးမြိုင် ကို ပြောပြမယ်။ ဦးကျီးမြိုင်တို့ သူဌေးမကြီး စိတ်တိုင်းကျ မဖြစ်နိုင်တာ တွေလည်း ကျွန်တော့်ကို ကြိုတင်သာ ပြောပါ။ ကျွန်တော် လိုက်လျောနိုင် ပါတယ်။ ကျွန်တော်က ဆေးရုံမှာ တာဝန်ကျ ဆရာဝန်အနေနဲ့ အိမ်ရပါ တယ်။ ကျွန်တော်ကိုယ်တိုင်က ခုလို လွတ်လွတ်လပ်လပ် အေးအေးသန့် သန့် နေချင်လို့ပါ။ တစ်ဦးသဘောတစ်ဦး လိုက်လျောရမှာပေါ့"

"ကျေးဇူးပါပဲ မောင်ရင်။ ဟော... အောက်ထပ်မှာ ကားသံကြားရ ပြီ"

ဦးကျီးမြိုင်သည် အောက်ထပ်သို့ ဆင်းသွား၏။ ဦးကျီးမြိုင်နှင့် မောင်သက်ဖေတို့မှာ အောက်ထပ်တွင် အလုပ် စနေကြ၏။ ဤအိမ်ရှင် သူဌေးမကြီးအကြောင်းကိုတော့ ဦးကျီးမြိုင် စကားထဲမှ တစ်စွန်းတစ်စ သုံ့ သရုပ်ဖော်ကြည့်မိ၏။ ယခုခေတ်တွင် ခေါ်လေ့ခေါ်ထမရှိသော အသုံး အနှုန်းဖြစ်သည့် သူဌေးမ ဟူသော စကားလုံးအတွက်မူ ဆရာဝန် မင်းရွှေခံ အဖို့ အထူးအဆန်းဖြစ်နေလေသည်။

တစ်နေ့နေ့တွင်တော့ အိမ်ရှင်သူဌေးမကြီး ဒေါ်ခင်မေဆက်ကို ဆရာဝန် ကိုအုန်းမောင်နှင့်အတူ သွားရောက်တွေ့ဆုံကြမည်ဖြစ်သည်။

သူ၏ ဖခင်လာလျှင် ဤမျှ အိမ်ကြီးကို ဘာကိစ္စ ငှားရမ်းနေချင်ရ သလဲဟု သူ့ကိုများ အပြစ်တင်လေမည်လား။ သူ့ဖခင်မှာ ရှေးရခိုင် ကြေး ရေတတ်များကဲ့သို့ ဝတ်လုံဘွဲ့ကို လန်ဒန်၌ ယူခဲ့သူတစ်ယောက်ဖြစ်သော် လည်း အသက် ခြောက်ဆယ်ကတည်းက အမှုလိုက်ခြင်းကို ရပ်နားလိုက် ၏။ ကျောက်ဖြူအိမ်ကြီးတွင် သွားရောက်နေထိုင်သည်မှာ ကြာမြင့်ခဲ့ပြီ။ ယခုလို အိုမင်းချိန်တွင် သားအဖနှစ်ယောက် နီးနီးကပ်ကပ် နေလိုသည်ဟု ဆို၏။ လောလောဆယ်တော့ သူကိုယ်တိုင်က ကျောက်ဖြူတွင် လိုက်မနေ နိုင်သေး၍ ရန်ကုန်တွင် အိမ်တစ်လုံး ငှားရမ်းနေရန် စီစဉ်လိုက်ခြင်းဖြစ် သည်။ သူသည်လည်း သူ့ဖခင်ကဲ့သို့ အိုမင်းချိန်ရောက်လျှင် ကျောက်ဖြူ

mgyoe.com

mgyoe.com
အိမ်ကြီးမှာပင် သွားရောက်နေထိုင်မည်ဟု စိတ်ပိုင်းဖြတ်ထား၏။ ယခုထိ တော့ ကျောက်ဖြူမြို့ရှိရာသို့ တစ်ခါမှပင် ခြေဦးလှည့်ခွင့် မကြုံသေးပေ။

ဖေဖေနှင့်ပင် အတူ ဤအိမ်ကြီးတွင် နေလိုက်ဦးမည်။ သူ့လို တစ်ဦး တည်းသားအဖို့ ငွေရေးကြေးရေး ပူစရာမရှိပေ။

သူသည် နယ်အနှံ့ လှည့်လည်သွားရောက်ကာ အမှုထမ်းခဲ့ပြီး ဖြစ် သည်။ သူ့ခေတ်သည် ကိုယ်ပိုင်ဆေးတိုက်များ ဖွင့်ခွင့်ကြုံခဲ့သော ခေတ် ဖြစ်သော်လည်း ငွေရှာခဲ့သော လူစားမဟုတ်။

အစိုးရ လခမှအပ ဆေးတိုက်တွင် ထိုင်စဉ် အံဆွဲထဲ၌ ငွေသုံးဆယ် ကျော်ရလျှင် နောက်လာသော လူနာများအား ငွေကောင်းခံခြင်းမပြုသည့် အတွက် မင်းရွှေဖဲသည် ဆေးလိုက်သည်ဟု နာမည်ကျော်ခဲ့သော ဆရာဝန် တစ်ယောက်ဖြစ်ပေသည်။

သူသည် ရန်ကုန်ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်ရသော်လည်း ဆေးရုံကြီးဝင်းအနီးရှိ သူ့အဖို့ပေးသောအိမ်တွင် မနေပေ။ ဤလို သီးခြား အိမ်ကြီးတွင်ပင် အေးချမ်းစွာ နေလိုပေသည်။

သူ့ဖခင် လာလျှင်တော့ သူ့အပေါ် ဘယ်လို ထင်မြင်ချက်ပေးမည် မသိပေ။ သူကတော့ ငြိမ်သက်သော ပတ်ဝန်းကျင်၊ ကျယ်သော ခြံဝန်းနှင့် နေရသည်ကိုပဲ စိတ်ချမ်းသာလှပေပြီ။

နောက်နေ့ တနင်္ဂနွေညနေပိုင်း သူဌေးမကြီးနှင့် တွေ့ဆုံရန် ဒေါက်တာ အုန်းမောင်နှင့် ချိန်း၍ထားသည်။ သို့သော် နံနက်ပိုင်းတွင်ပင် မမျှော်လင့်သော ကိစ္စတစ်ခုကို ဒေါက်တာ မင်းရွှေဖဲ တွေ့ကြုံ၏။

တနင်္ဂနွေနေ့ နံနက်တိုင်း သူ လမ်းလျှောက်နေကျဖြစ်၏။ နံနက် စောစော လမ်းလျှောက်ရာမှအပြန် သူ၏ အိမ်တော်ပါ သက်ဖေသည် ဆင်ဝင်အောက်မှ ဆီးကြို၍ သူ့ကို ပြော၏။

"ဆရာ ... ဧည့်သည်တစ်ယောက် ရောက်နေတယ်။ ဟိုဘက်ခြံက တဲ့၊ အရေးကြီးလို့ပါတဲ့"

"ဟေ"

သူသည် ဧည့်ခန်းထဲသို့ ခပ်သုတ်သုတ် ဝင်သွား၏။ ဧည့်ခန်းထဲ တွင် သူ၏ အဒေါ်အရွယ် အမျိုးသမီးတစ်ယောက်ကို တွေ့ရ၏။ ဧည့်သည် သည် တည်ငြိမ်ပုံမရ၊ စိတ်ချောက်ချားနေပုံရ၏။ အိမ်ခန်းထဲတွင် နေရောင်

mgyoe.com

mgyoe.com


နှင့် လက်ဆက်သော လေကို ထိတွေ့ခွင့်မရသော အိမ်တွင်းပုံး ကုလားမများလို ထိုအမျိုးသမီး၏ အသားအရေမှာ ဖြူဆွတ် ဖျော့တော့လှ၏။ သို့သော် နေမကောင်းနေသူ၏ ပုံပမ်းမျိုးတော့ မဟုတ်ပေ။

"ဟို ... မောင်ရင်၊ မောင်ရင်က ဒေါက်တာဆို"

အမျိုးသမီးကြီးသည် သူ ဧည့်ခန်းဝ ရောက်ရောက်ချင်း ထိုင်ရာမှ ရုတ်တရက်ထကာ အရေးတကြီး မအောင့်နိုင် မအင်းနိုင်သလို မေးခွန်းမေးလိုက်၏။

"ဟုတ်ပါတယ် ခင်ဗျာ"

"အန်တီ ... အန်တီ့ကို ကူညီပါ။ ခုပဲ ဆေးအိတ်ယူပြီး လိုက်ခဲ့ပါတော့။ အဖျားသာ ခုထက် ပိုကြီးလာရင် ဒုက္ခပါပဲ။ အန်တီနဲ့ တူတူ လိုက်ခဲ့ပါနော်။ ခုလို ဒုက္ခပေးရတာလည်း ဝမ်းနည်းပါတယ်"

စိုးရိမ် ပူပန်စိတ်ဖြင့် ဘာကိုမှ ဂရုမပြုနိုင်သလို ထိုအမျိုးသမီးကြီးသည် ဧည့်ခန်းမှ ထွက်နှင့်တော့သည်။ သူသည် သက်ဖေအား ဆေးအိတ်ယူခိုင်းကာ အမျိုးသမီးကြီးနောက်သို့ လိုက်သွား၏။

"ကားကို ဘက်တီဆီ လွှတ်လိုက်ရလို့ပါ။ အန်တီတို့ ဖြတ်လမ်းက သွားမယ်။ ဟိုဘက်တိုက်ကိုပါ"

ပါးစပ်က တတွတ်တွတ်ပြောကာ ခြံဝင်းနှစ်ခုဆုံရာ မလွယ်ပေါက်မှ သူသည် မင်းရွှေဖဲအား လမ်းပြ ခေါ်ဆောင်သွား၏။ မင်းရွှေဖဲသည် နောက်မှလိုက်ရင်း သူ့စိတ်ကိုသူ အပြစ်တင်မိ၏။ မော်တော်ကားထုတ်ကာ သက်ဖေနှင့် အတူလာလျှင် အမျိုးသမီးရော၊ သူပါ လမ်းလျှောက်ရခြင်းအတွက် မောပမ်းမည်မဟုတ်ပါပေ။ ခုတော့ အိမ်နှစ်အိမ်မှာ ခြံဝင်းခြင်း စပ်နေသည်ဆိုသော်လည်း မြေပေါ်ပေါ်နှင့် ခြံကျယ်ကြီးများအလယ်တွင် ဆောက်ထားသောကြောင့် တစ်အိမ်နှင့်တစ်အိမ် အလှမ်းဝေးလှသည်။ အိမ်ထဲရောက်အောင် အတော် လျှောက်ကြရပေသည်။

သူ့စိတ်ထဲမှာသာ ဖြူဖတ်ဖြူရော်ဖြစ်နေသော အမျိုးသမီးကြီး၏ အသားအရေကြောင့် လမ်းမြန်မြန်လျှောက်နိုင်ပါ့မလားဟု သံသယ ဖြစ်နေသော်လည်း လမ်းလျှောက်ပုံမှာ ဖျတ်လတ်လွန်းလှသည်။ ခြံအလယ်ရှိ နှစ်ထပ်တိုက်ထဲရောက်လျှင် အောက်ထပ် အခန်းကျယ်ကြီးရှိရာသို့ ဧည့်ခန်းကိုဖြတ်ကာ သူ့အား အမျိုးသမီးကြီးသည် ခေါ်သွား၏။ အိပ်ခန်း

mgyoe.com

mgyoe.com
အလယ်တွင် နှစ်ယောက်အိမ် ခုတင်ပေါ်၌ လူနာတစ်ယောက်ကို တွေ့ရ၏။

"ဒေါက်တာ ဝင်းမွန် ရောက်လာပြီ ကိုကို"

အမျိုးသမီးကြီးသည် လူနာအား ပြောလိုက်ပြီး သူ့အနားသို့ တစ်ဖန် ကပ်လာကာ လေသံနှင့် ပြောပြ၏။

"ကိုကိုရယ် မျက်စိ မဖွင့်နိုင်ဘူး။ စကားမပြောဘဲ လုပ်စရာရှိတာသာ လုပ်ပါ" ဟု ပြောပြန်သည်။

ဒေါက်တာ မင်းရွှေဖံသည် လူနာအား စမ်းသပ်၍ သက်ဖေထံမှ ဆေးအိတ်ယူကာ စကားတစ်လုံးမှ မပြောဘဲ လုပ်စရာရှိသည်များကို လုပ်၏။ ဆေးထိုးဖို့ လိုအပ်သော ရေနွေး၊ လက်သုတ်ပုဝါ၊ လက်ဆေးဇလုံက အစ ဘာမှ လိုလေသေးမရှိအောင် အမျိုးသမီးကြီးသည် ကျွမ်းကျင်စွာ လုပ်ပေး၏။

မင်းရွှေဖံသည် လူနာအား ဆေးတစ်လုံးထိုးရင်း သောက်ဖို့ ဆေးကိုလည်း အမျိုးသမီးကြီးလက်ထဲ ထည့်လိုက်၏။ အမျိုးသမီးကြီးသည် သူကိုယ်တိုင် လူနာအား ဆေးတိုက်ကာ ပြန်သိပ်ထား၏။ ပျင်းလှသော အဖျားရှိန်ကြောင့် လူနာသည် မျက်လုံးမဖွင့်နိုင်ပေ။

အနားတွင် မိန်းမငယ်တစ်ယောက် ထားရစ်ကာ သူ့အား တစ်ဖက်ခန်းသို့ အမျိုးသမီးကြီးသည် ခေါ်သွား၍ ထိုင်ရန် ဆိုဖာတစ်ခုအား ညွှန်ပြ၏။ သူမကိုယ်တိုင်လည်း ခုမှ အသက်ရှူရ ချောင်သွားသလို သက်ပြင်းချလိုက်ကာ သူနှင့်ကပ်လျက် ဆိုဖာအလွတ်တွင် ထိုင်လိုက်သည်။

"ခွင့်လွှတ်ပါ ဒေါက်တာရယ်။ ခုလို ကူညီတာလည်း ကျေးဇူးတင်ပါတယ်။ ဒေါက်တာရဲ့ နာမည်က ဘယ်သူလဲဟင်၊ ခုန ဒေါက်တာ ဝင်းမွန်လို့ ခေါ်လိုက်ရတာက ကိုကိုရယ် တခြားဆရာဝန်ဆိုရင် ဆေးထိုးမခံမှာစိုးလို့။ ပြီးတော့ စကားမပြောပါနဲ့လို့ တောင်းပန်ရတာက ဒေါက်တာ့အသံကြားရင် ဒေါက်တာဝင်းမွန်ရဲ့ အသံမဟုတ်မှန်း သူ သိတယ်"

မင်းရွှေဖံသည်လည်း ရုတ်တရက် တွေ့ရသော အခြေအနေအရပ်ရပ်များကို နားမလည်သောကြောင့် စိတ်ရှုပ်သွားသော်လည်း သူသည်လည်း ယခုမှပင် အမောပြေ သက်ပြင်းချလိုက်၏။

"ကျွန်တော့်နာမည် မင်းရွှေဖံပါ။ လွန်ခဲ့တဲ့အပတ်ကမှ ဟိုအိမ်ကြီး

mgyoe.com

ကို ပြောင်းလာတာပါ။ ကျွန်တော် အကြံဉာဏ်ပေးပါရစေ... ညနေ မစောင်းခင် ကျွန်တော် လာကြည့်ပါ့မယ်။ အခြေအနေ ကျေနပ်လောက်ရင်တော့ အိမ်မှာပဲ ကျွန်တော် ဆက်ကုပါ့မယ်။ လိုအပ်ရင်တော့ ဆေးရုံကြီး တင်ပါ။ အခုထက် အပူရှိန်ကြီးလာရင် စိုးရိမ်ရပါတယ်။ သူ့အသက်ကလည်း ကြီးပြီ၊ အဆုတ်ကို အအေးမိသွားတာပါ"

"အမလေး ... ကျေးဇူးတင်ပါတယ်။ လာသာကြည့်ပြီး လိုအပ်တာသာ ပြောပါ ဒေါက်တာရယ်။ မောင်နန္ဒပြောလို့ ဆရာဝန်တစ်ယောက် ဟိုဘက်အိမ် ပြောင်းလာတာလို့ အန်တီ သိထားရတာပါ။ အားလုံး အန်တီ ဖန်တီးပေးပါ့မယ်။ အဖျားကြီးလာရင် သူ ရူးများ ရူးသွားမှာလား။ ဖြစ်ချင်တော့လေ ဒေါက်တာဝင်းမွန်က ခရီးထွက်သွားတယ်။ ဆေးရုံတော့ မတင်ပါရစေနဲ့။ ဘက်တီကလွဲလို့ သူ့ကို ဘယ်သူနာပြုဆရာမမှ ပြုစုခံမှာ မဟုတ်ဘူး"

"ရူးမှာထက် ကျွန်တော် စိုးရိမ်တာက အသက်ရှူကြပ်လာရင် အောက်စီဂျင်ပေးဖို့လည်း လိုလာမယ်။ အမောဝင်လာရင် အသက်အန္တရာယ် စိုးရိမ်ရလို့ပါ"

"အို ... ညနေကျမှ အခြေအနေအရ စီစဉ်ကြသေးတာပေါ့"

"ဟုတ်ကဲ့၊ ဒါပေမဲ့ သူ့အနားမှာ (စပယ်ရှယ်နာ့စ်) သူနာပြုဆရာမ တစ်ယောက်"

"နွားနို့ ... နွားနို့"

မင်းရွှေဇံစကားမှ မဆုံးခင် နွားနို့ဟူသော အသံမှာ လူနာအခန်းဘက်ဆီမှ ကြားရ၏။

"ကိုကို့အသံ၊ သူ ကယောင်ကတန်းတွေ အော်နေပြီ"

"နွားနို့သောက်ချင်လို့လားခင်ဗျာ"

"မဟုတ်ပါဘူး ဟိုဒင်းပါ။ ဟော ... ကားဆိုက်သံကြားပြီ"

မင်းရွှေဇံမှာ တစ်ယောက်တည်း အရူးသဖွယ် ပျာယာခတ်နေသော အမျိုးသမီးကြီး၏ လှုပ်ရှားမှုအတွက် သူ အတော်စိတ်မချမ်းမသာ ဖြစ်မိ၏။ လူတစ်ယောက်သည် ဧည့်ခန်းဝမှ ပေါ်လာ၏။

"အန်တီလေး ... ဆရာမဘက်တီ ခြေထောက်က ဒီနေ့ ကျောက်ပတ်တီးဖြေရမယ်။ သူ ညနေကျမှ လာနိုင်မယ်။ လာရင်တောင် ဆရာဝန်

mgyoe.com

က ပြောတယ်တဲ့၊ လက်တွန်းလှည်းနဲ့ပဲ သွားရမယ်တဲ့။ လမ်းမလျှောက်ရဘူး"

"အေး ... အေး၊ လက်တွန်းလှည်း အသင့်ပြင်ထား။ ကဲ ဟောဒီ ဒေါက်တာ မင်းရွှေဇံကို ကားနဲ့ ဟိုဘက်အိမ် ပြန်ပို့လိုက်ပါ။ ဆေးအိတ်လည်း ယူပြီးတင်"

ကားပေါ်သို့ ဒရိုင်ဘာနှင့် သက်ဖေ ဆေးအိတ်တင်နေစဉ်တွင် သူ့အပါးသို့ အမျိုးသမီးကြီး ကပ်လာ၏။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ။ ခြေကြွခအဖြစ် ငွေတစ်ရာ ကန်တော့ပါတယ်၊ လက်ခံပါ"

ဟု ပြောပြောဆိုဆိုပင် သူ့လက်ထဲသို့ ငွေ ၁၀၀ တန်တစ်ရွက် ထည့်ပေး၏။

"သည်းခံပါ အန်တီ၊ အိမ်နီးချင်းတွေအနေနဲ့ ကျွန်တော့်မှာ ကူညီရမယ့် ဝတ္တရားရှိပါတယ်။ နောင်လည်း ဘာမဆို အကူအညီလိုရင် တောင်းပါ။ ညနေမှ တစ်ခေါက် လာဦးမယ်"

သူသည် ငွေတစ်ရာကို လက်မခံဘဲ ကားပေါ်သို့ တက်၍ လက်ပြ နှုတ်ဆက်ကာ ပြန်လာခဲ့၏။

အိမ်အဝတွင် ဦးကျိုးမြိုင်ကို တွေ့ရသည်။ ဦးကျိုးမြိုင်သည် ကားမောင်းသူကို ဦးစားပေး နှုတ်ဆက်၏။

"ဘယ်နဲ့လဲ ဖိုးနန္ဒရေ့ ... ခင်ဗျားတို့ ပင်တိုင်စံကြီး ဒီဘက်မြေပေါ်ကို ထူးထူးခြားခြား ကြွလာတယ်။ လာလိုက်ပုံကိုတော့ ကျွန်တော် မတွေ့လိုက်ရဘူး။ အပြန် ဆရာနဲ့အတူ ခြံစပ်ဖြတ်အကူးမှပဲ မြင်လိုက်ရတော့တယ်။ ခင်ဗျားတို့ဆရာကြီး ဦးရွှေဦး သိပ်ဖြစ်နေလို့လား၊ ပင်တိုင်စံ ကိုယ်တိုင် ကသုတ်ကရက် လာလိုက်တာ။ သူ ဒီလို ခြေလှမ်းမြန်မြန်လှမ်းတာ ဒီတစ်ခါပဲ ကျွန်တော် မြင်ဖူးသေးတယ်"

ဦးကျိုးမြိုင်သည် ကိုနန္ဒဆိုသူ ကားမောင်းသမားအား လှမ်းပြောလိုက်၏။ ကားမောင်းသူသည် ဦးကျိုးမြိုင်နှင့် အစကပင် ရင်းနှီးနေပုံရ၏။

"ထုံးစံအတိုင်းပေါ့ဗျာ။ ဖောက်လာချိန်မှာ အဖျားက သိပ်ကြီးတော့ အန်တီလေးလည်း ပျာယာခတ်သွားတာပေါ့။ ဆုံပြီး ဖြစ်ချင်တော့ ဒေါက်တာ ဝင်းမွန်ကလည်း ခရီးထွက်နေ၊ သူ့ရဲ့ သူနာပြုဆရာမကလည်း ဒီနေ့

mgyee.com

mgyoe.com

မှ ကျောက်ပတ်တီးဖြေရတော့ အန်တီလေးတစ်ယောက်တည်း သိပ် ပင်ပန်းသွားတယ်။ ပင်ပန်းတာ ကိစ္စမရှိဘူး၊ အန်တီလေး ရူးသွားမှာ ကျွန်တော် သိပ်စိုးရိမ်တာပဲ"

ကိုနန္ဒသည တကယ်စိုးရိမ်စိတ်နှင့် ပြောပြနေကြောင်း သူ့မျက်နှာက ဖော်ပြနေ၏။ ဘာအကြောင်းကိုမှ မသိသေးသော်လည်း မင်းရွှေဖဲသည် တစ်ခု ဝင်မေးလိုက်၏။

"စိတ်မရှိပါနဲ့ ကိုနန္ဒရယ်၊ ခင်ဗျားတို့ အန်တီလေးကို ကျွန်တော် အားနာလို့ ဘာမှ မမေးခဲ့ဘူး။ ကျွန်တော်တို့ ဧည့်ခန်းမကြီးမှာ ထိုင်နေတုန်း လူနာက အော်တယ်၊ နွားနို့ နွားနို့တဲ့။ အဲဒါ သူ သောက်ချင်လို့များလားလို့ ကျွန်တော်မေးကြည့်တော့ သူ့ကိုကို ကယောင်ကတမ်း အော်တာပါတဲ့၊ ဘာဖြစ်တာလဲဟင်။ ရောဂါအခြေအနေနဲ့ ပတ်သက်ပြီးတော့လည်း အန်တီဟာ ဘာမှ ပွင့်ပွင့်လင်းလင်း ကျွန်တော့်ကို ဖွင့်ပြောချင်ပုံ မပေါ်တော့ ကျွန်တော်လည်း မမေးဘူး၊ နွားနို့က ဘာအော်တာလဲ"

ကိုနန္ဒသည် သက်ပြင်းကို လေးတွဲ့စွာ ချလိုက်၏။

"အကြောင်းစုံတော့ ဟောဒီ ဦးကျီးမြိုင်သာ မေးကြည့်ပါ။ ကျွန်တော် ပြောရရင် ဆုံးမှာမဟုတ်တော့ဘူး။ အန်တီလေးတစ်ယောက်တည်း ပင်ပန်းနေမှာစိုးလို့ ပြန်ပါရစေ။ နွားနို့က သောက်ဖို့မဟုတ်ဘူးခင်ဗျ၊ အဝတ်လျှော်ဖို့နဲ့ သူ့လက်တွေဆေးဖို့။ ကဲ ... ခွင့်ပြုပါဦး"

ကိုနန္ဒသည် ယဉ်ကျေးစွာ နှုတ်ဆက်၍ ကားမောင်းကာ ထွက်သွားတော့သည်။ မင်းရွှေဖဲသည် ဧည့်ခန်းဆိုဖာပေါ်တွင် ခြေပစ်လက်ပစ် ထိုင်လိုက်၏။

"ဟင်း ... ရန်ကုန်ဆေးရုံကြီးရှိသမျှ လူနာအကုန်ကို တစ်ယောက်တည်း ဒိုင်ခံကုတောင် ဒီလောက် မမောဘူး ဦးကျီးမြိုင်ရေ၊ ခုတော့လေ ကျွန်တော့်မှာ နာရီဝက်လောက်အတွင်းမှာ အသံတိတ်ဆရာဝန်ဖြစ်သွားတယ်။ တစ်သက် ဒီလို လူနာမျိုးလည်း မတွေ့ဖူးပါဘူး"

ဦးကျီးမြိုင်သည် သူ့ရှေ့တွင် ထိုင်နေရာမှ ဟက်ဟက်ပက်ပက် ရယ်၏။

"ဘယ်လိုဖြစ်လာလို့လဲ"

ဦးကျီးမြိုင်က ရယ်ရင်း မေး၏။

mgyoe.com

mgyoe.com

"ဦးကျီးမြိုင်ကလည်း ရယ်လိုက်တာ၊ လူနာကို ဆေးကုနေတုန်း ဘာစကားမှ မမေးရ မပြောရဘူးဗျာ။ အသံမထွက်ပါနဲ့တဲ့"

"သူ နေမကောင်းတာကို ဝမ်းသာလို့ရယ်တာ မဟုတ်ပါဘူး။ ဒီဆရာကြီး ရောဂါဖောက်လာရင် သူ့နှမဟာ သိပ်ပင်ပန်းတာပဲ"

"ညနေ အဖျားကျသွားရင်တော့ အရေးမကြီးဘူး။ ကျွန်တော့် ဆန္ဒကတော့ ဆေးရုံကြီးတင်ချင်တယ်။ သူတို့ သူဌေးတွေပဲ၊ ပရိုက်ဗိတ် အခန်း တင်ပေါ့" (ထိုစဉ်က ရန်ကုန်ဆေးရုံကြီးတွင် ပိုက်ဆံခန်းခေါ် Private room ရှိသေးသည်)။

"ဝေးသေး မောင်ရင်ရေ … အသေသာခံမယ်၊ အဲဒီဆေးရုံကြီးလည်း တက်မှာမဟုတ်ဘူး။ သူ့နှမကတော့ တင်ချင်ရှာမှာပါပဲ။ မောင်ရင်က လူ့ ပြည်မှာ ဘဝမကူးဘဲ ဝဋ်ခံနေရတဲ့၊ အေးလေ … ငရဲကြီးနေတယ် ဆိုကြ ပါစို့။ အဲ အဲ မောင်နှမနှစ်ယောက်အကြောင်း သိမှမသိသေးဘဲကိုး။ တဖြည်းဖြည်းတော့ အများကြီး အများကြီး သိလာမှာပါ။ နွားနို့ကိစ္စက တော့ ရောဂါဖောက်လာရင် သူ့အဝတ် အသုံးအဆောင်တွေကို နွားနို့နဲ့ လျှော်တော့တာပဲ။ ပြီးမှ ရေကောင်းနဲ့ တစ်ခါလျှော်တယ်။ သူ ပက်လက် လန် လဲပြီး ခုလို မထူနိုင်အောင်ဖြစ်နေချိန်မှာလည်း အဲဒီ ဆရာမ ဘက်တီ နဲ့ သူ့နှမ ဒေါ်မေကြည်သင်းကလွဲလို့ ဘယ်သူမှ မပြုစုရဘူး။ ဟိုတစ်နေ့ က ကိုနန္ဒပြောပြမှ ဆရာမ ဘက်တီ ခြေထောက် အရိုးအက်သွားတာ ကျုပ်လည်း သိရတာ။ ပထမ ဖျားစမှာ ဘက်တီက သူ့ကိုတွဲပြီး အောက် ထပ်ခန်းကို အဆင်းလှေကားထစ်မှာ ခြေခွင်လဲကျသွားလို့"

"ဖြစ်ရတယ်ဗျာ … ခု ဒီလူနာကြီးကို ပြုစုရမယ့် ဆရာမက လက်တွန်းလှည်းပေါ်ထိုင်ပြီး ပြုစုရမယ်ပေါ့လေ"

"ဟုတ်တယ်၊ ကိုနန္ဒအပြောတော့ ဆရာမ ဘက်တီ လဲကျအသွား သူ့အိမ်က ကလေးမလေးက ဆရာကြီးကို ဝင်ကိုင်တာမှာ ရွံလှချည်ရဲ့ ဆိုပြီး သူ့ကိုယ်သူ တစ်နေ့ ရေသုံးခါချိုး၊ အဝတ်တွေ နွားနို့နဲ့ အလျှော် ကောင်းလိုက်တာ အအေးပတ်ပြီး အဖျားဝင်တာတဲ့။ အသက်ကလည်း ခုနစ်ဆယ်ကျော်ပြီ"

သက်ဖေက ဝင်ထောက်လိုက်၏။

"ကဲ ကဲ တော်ပါပြီ။ သက်ဖေရေ … ငါ ရေချိုးတော့မယ်၊ ပြီးရင်

mgyoe.com

mgyoe.com

ထမင်း တစ်ခါတည်း စားတော့မယ်။ ဒေါက်တာ အုန်းမောင်လာမှပဲ နှိုးပေတော့၊ ခဏအိပ်ဦးမယ်။ တစ်ခါမှ ဒီလို စိတ်မမောဖူးဘူး။ မောင်နှမနှစ်ယောက်လုံး ဖြူဖြူချောချောတွေနော်။ သူတို့က မင်းမျိုးတွေလား"

"ဟား ဟား ဟား ဟား"

"ဦးကျိုးမြိုင်ကလည်း ရယ်ပြန်ပြီနော်"

"ရယ်ဖြစ်ရတယ် မောင်ရင်ရေ... နို့မို့ရင် သူတို့ရဲ့ စိတ်နတ်ဆိုးကျုပ်တို့ခြံဘက် ဆက်ကူးလာမှာစိုးလို့။ မင်းမျိုးဆို တော်သေးတာပေါ့။ ခုတော့ ဘာ မဟာဆီ မဟာသွေး တစ်စက်မှ မပါဘဲ ဆရာကြီးစိတ်ထဲ မဟာသာကီစိတ် ဝင်နေတယ်။ ဒါကြောင့် ထစ်ခနဲဆို နွားနို့နဲ့ ဆေးနေတာပေါ့"

"ဒါလောက် ဆေးနိုင်အောင် နွားနို့အလုံအလောက် ဘယ်ကရလဲ"

"ဟာ ဆရာကလည်း၊ ရေရောရတာပေါ့"

"အမလေး ... ဒုက္ခကြီးလိုက်တာဗျာ"

"သူတို့အကြောင်းတွေ နောင်တော့ သိလာပါလိမ့်မယ်။ စိတ်မောမခံနဲ့၊ စားစရာရှိစား၊ နားစရာရှိ နားပေတော့"

ဦးကျိုးမြိုင်သည် ဟောဟောဒိုင်းဒိုင်းပြောကာ ထသွားတော့သည်။

သူသည် ရေချိုး ထမင်းစားပြီး အိပ်ရာပေါ် ခေတ္တလှဲနေ၏။ အိပ်ခန်း၏ ပြတင်းမှကျော်ကာ သူ့မျက်လုံးသည် တစ်ဖက်ခြံကြီးဆီသို့ ရောက်သွား၏။ နှစ်ထပ်တိုက်ကြီးသည် စွင့်စွင့်မြင့်မြင့်ကြီး သစ်ပင်များအလယ်တွင် ထင်ထင်ရှားရှား ပေါ်လွင်နေ၏။ ထိုတိုက်ကြီးအတွင်း နံနက်က မြင်ခဲ့ရသော မောင်နှမနှစ်ယောက်ရုပ်မှာ ယခုမှ သူ့မျက်လုံးထဲ ပေါ်လာ၏။ လူနာသည် မျက်တွင်းဟောက်ပက်နှင့် မျက်နှာသွယ်သွယ်ဖြစ်၏။ မောင်နှမနှစ်ယောက်လုံး ဖြူဖြူဖျော့ဖျော့ အသားအရေများ ရှိကြ၏။ နှာတံပေါ်ပုံမှာ ရိုးရိုးမဟုတ်ဘဲ နှာရိုးအလယ်တွင် အနည်းငယ် မြင့်မောက်နေကြခြင်းမှာ မောင်နှမနှစ်ယောက်လုံး တူလွန်းလှ၏။ သူသည် စိတ်ဝေဒနာကို ကုသော ဆရာဝန်မဟုတ်၊ ဒေါက်တာအုန်းမောင်ကသာ စိတ်ဝေဒနာကု ဆရာဝန်ဖြစ်သည်။ လုပသော ခြံကြီး၏ အလယ်တွင် ဤမျှ ထည်ဝါသော တိုက်ကြီး၏အတွင်းခန်းထဲတွင် စိတ်ဝေဒနာသည် လူနာကြီးက တစ်ယောက်၊ သူ့အား ပြုစုသူ နှမက တစ်ယောက်၊ ပေါင်းမှ နှစ်ယောက်။

mgyoe.com

အဘိုးကြီး ခံစားရသော ဝေဒနာကလည်း ယခုမှ ရုတ်တရက် ခံစားရသော ဝေဒနာလည်း ဟုတ်မည်မထင်ပါချေ။

သူသည် အမှတ်မထင် ငယ်ငယ်က သင်ခဲ့ရသော သိုးဆောင်းကဗျာလေးတစ်ပုဒ်ကို သတိရနေမိ၏။ ကျယ်ဝန်းများပြား ရှုပ်ထွေးလှသော လူ့လောက၏ စားဝတ်နေရေးပါမက ဂုဏ်၊ အာဏာ၊ ငွေနောက်ကို လိုက်ရလွန်း၍ သဘာဝအလှကိုပင် မကြည့်တတ်သူတစ်ယောက်အကြောင်း ဖြစ်သည်။

ဂုဏ်၊ အာဏာ၊ ငွေ ဟူသည်မှာ ရုပ်ဝတ္ထုပစ္စည်းများ ဖြစ်ကြ၏။ နံနက်က တွေ့ခဲ့သော အဘိုးကြီးမောင်နှမတွင် ကို ရုပ်ဝတ္ထုများ အလျှံပယ် ပြည့်စုံနေပုံရသည်။ သူ့လက်ထဲကိုပင် တစ်နာရီပြည့်အောင် မကုသရဘဲ ငွေတစ်ရာကို ရက်ရက်ရောရော အလွယ်တကူ ပေးနိုင်အောင် ချမ်းသာပုံရသည်။ သို့သော် ပန်းပွင့်လေးများ နီးကြားလာကြပုံ၊ ငှက်ငယ်လေးများ တေးသီကြဟန်၊ သစ်ရွက်များ၏ လက်ခုပ်သံနှင့် လေနတ်သား၏ ပုလွေသံတို့ကို သူတို့သည် အာရုံခံစားနိုင်အောင် စိတ်ဓာတ်ချမ်းငြိမ်းကြရပုံ မပေါ်ပေ။

ဘုရား ဘုရား ... သူ၏ အိုမင်းသော တစ်ချိန်သည် အေးမြပါစေ၊ သာယာပါစေ၊ ချမ်းငြိမ်းပါစေ၊ သဘာဝမိခင်၏ လှပသော ရင်ခွင်အငွေ့ကို သိရှိခံစားနိုင်သော အာရုံများ အချိန်မတိုင်မီ မပျက်ပျယ်ပါရစေနှင့်၊ မင်းရွှေဖုံသည် သူ့ကိုယ်သူ ဆုတောင်းမိ၏။

"ဟေ့လူ ... ဟေ့လူ ... ထတော့လေ"

ဒေါက်တာ အုံးမောင်အသံကြားမှ သူသည် စဉ်းစားရင်း အိပ်ပျော်သွားသည်ကို သတိပြုမိသည်။

"ဦးကျိုးမြိုင်အပြောတော့ ခင်ဗျား မနက်က ပင်တိုင်စံမောင်နှမရဲ့ ခြံထဲ ရောက်သွားပြီဆို"

ဒေါက်တာအုန်းမောင်သည် ကောက်ကာငင်ကာ မေးလိုက်၏။ သူသည် အိပ်ယာပေါ်မှပင် ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။

"တကယ်တော့ ကျွန်တော် ဒီအိမ်ငှားနေဖို့ မကောင်းဘူး။ စိတ္တဇဝေဒနာသယ်ကုဖို့ ခင်ဗျားနေဖို့ကောင်းတယ် ကိုအုံးမောင်"

"မလိုပါဘူးဗျာ။ ဝင်းမွန်ကြီးတစ်ယောက်လုံး ရှိပါတယ်။ ဝင်းမွန်

mgyboe.com

mgyoe.com

တောင်မှ သူတို့အမျိုးထဲက ဖြစ်လာတဲ့ဆရာဝန်မို့လို့ အကုခံတာ။ ဝင်းမွန်သာ စာရေးတတ်တဲ့ ဆရာဝန်ဆို ဝတ္ထုတွေ အများကြီးရမှာ။ အဲဒီအိမ်ကြီးထဲမှာလေ ဝတ္ထုတွေ တစ်ပုံကြီးပဲ။ ဦးကျီးမြိုင်ဆီက ခင်ဗျား ဒီအိမ်ကြီး အကြောင်း တဖြည်းဖြည်း သိလာရပါလိမ့်မယ်"

ဒေါက်တာအုန်းမောင်သည် ဆေးတံကြီးကိုခဲကာ ကြိမ်ကုလားထိုင်ပေါ်မှ ပြောလိုက်၏။

"ခုမှပဲ ကျွန်တော် အခုငှားတဲ့အိမ် ငှားစက ခင်ဗျားပြောတဲ့ ကျွန်တော် ငှားပေးတဲ့အိမ်က ကျက်သရေရှိပါတယ်ဆိုတဲ့စကား ကျွန်တော် ပြန်တွေးမိတယ်။ မင်္ဂလာ ကျက်သရေဆိုတာ သစ်သားရယ်၊ အုတ်ရယ်ဆိုတဲ့ ဝတ္ထုပစ္စည်းတွေအပေါ်မှာ တည်မယ်မထင်ပါဘူးဗျာ။ နေတဲ့သူ အိမ်ထောင်ဦးစီးရဲ့ စိတ်ဓာတ်အခြေခံ၊ အကျင့်စာရိတ္တတွေအပေါ်မှာ တည်မယ်ထင်ပါရဲ့နော်။ ကျွန်တော်လေ ခင်ဗျားကို ကျေးဇူးတင်မိတယ်။ ဒီအိမ်ကြီး ဘယ်လို အိုတယ်ဆိုပေမယ့် နေရတာ စိတ်ချမ်းမြေ့ပြီး ကျက်သရေရှိသလိုပဲ"

သူသည် ခပ်ဖြည်းဖြည်း စိတ်ဝင်စားစွာ ပြောလိုက်၏။

"အေးလေ ခုလည်း ဒီအိမ်ရှင်မကို ခင်ဗျား တွေ့ရတော့မယ်။ ဒီတော့လည်း မင်္ဂလာကျက်သရေအကြောင်း ခင်ဗျား ပိုပြီး သိမှာပေါ့"

"ဦးကျီးမြိုင်ကတော့ ဒီအိမ်ရှင်မကို သူဌေးမ ဆိုပဲ"

"ဟုတ်တယ်လေ ... သူက သူဌေးမကြီးလို့ ရိုရိုသေသေ အမြဲခေါ်တယ်။ ဒါပေမဲ့ ဒေါ်ခင်မေဆက်ဟာ ဦးကျီးမြိုင်ထက် အများကြီး ငယ်ပုံရတယ်"

"ကျွန်တော် အကဲခတ်မိသလောက်တော့ ဦးကျီးမြိုင်ဆိုတဲ့ လူကြီးကလည်း သာမန် ကြေးစား မာလီတစ်ယောက် ပြောပုံဆိုပုံမျိုး မဟုတ်ဘူးနော်"

"လူယုံတော်ကြီး သဘောမျိုးပဲ။ ဆွေရိပ်မျိုးရိပ် ကင်းဟန်မတူဘူး။ သူပဲ ဒေါ်ခင်မေဆက်တို့ မိသားစုကို စောင့်ရှောက်နေရတယ်။ ခုတော့ ဒီအိမ်ကြီးကို စောင့်ရှောက်ဖို့ ဦးကျီးမြိုင် နေရစ်ခဲ့ပေမယ့် ဒေါ်ခင်မေဆက်ရဲ့ အိမ်သစ်ကိုလည်း သူ တာဝန်ယူနေရတာပါပဲ။ ကဲ ... သွားကြဦးစို့၊ သူဌေးမကြီးနဲ့ တွေ့ရတော့မှာ"

သူသည် အဝတ်အစားလဲကာ ဒေါ်ခင်မေဆက်နှင့် တွေ့ရန်

mgyoe.com

ဒေါက်တာအုန်းမောင်နှင့်အတူ ထွက်လာကြသည်။ ဦးကျိုးမြိုင်ကိုတော့ ဒေါ်ခင်မေဆက် အိမ်ကပြန်မှ တစ်ဖက်ခြံသို့ ကူးခဲ့မည့်အကြောင်း သူမှာရစ်ခဲ့သည်။

၀

mgyoe.com

mgyoe.com

# [၂]

## သူဌေးမကြီး

သူဌေးမကြီး၏ ခြံမှာ ယခု မာလာဆောင်နှင့် မျက်စောင်းထိုးလောက် ဖြစ်၏။ ပြည်လမ်းမကြီးပေါ်တွင် မဟုတ်သော်လည်း မြေနီလမ်းလေးမှ နှစ်ခြံသာ ကျော်လိုက်ရသည်၊ ခြံဝင်းထဲသို့ ရောက်သွား၏။ ကားပြေးသံများကို မကြားရ၊ လမ်းမကြီးနှင့်လည်း မနီးမဝေး၊ ကမာရွတ် လှည်းတန်းဈေးနှင့်လည်း မဝေးလှပေ။ ကိုယ်ပိုင်ကားမရှိတောင် မီးဖိုချောင်အတွက် ဈေးသွားဈေးလာ အဆင်ပြေသော နေရာလေးဖြစ်၏။ မြေကြီးကလည်း ခြေနိုင်လက်နိုင် တစ်ဧကလောက်ပင် ရှိမည်။ တစ်ထပ်တိုက်ဆိုသော်လည်း ကျယ်ကျယ်ပျံ့ပျံ့ နေသာထိုင်သာ သိပ်သိပ်သည်းသည်းဖြစ်၏။ သူငှားရမ်းနေထိုင်သော အိမ်ကြီးလို ကျယ်ကျယ်မြင့်မြင့်ကြီး မဟုတ်လှပေ။ သူတို့၏ကား အိမ်ရှေ့တွင် ရပ်လိုက်လျှင် ကုလားတစ်ယောက် လာ၍ ကားတံခါးကို ဖွင့်ပေးသည်။

"မမကြီး လာတွေ့တာလား ... ဆရာဝန်ကြီးရော နေကောင်းရဲ့။ ကျွန်တော် သံတံခါးဖွင့်ပေးဖို့ သွားပြောလိုက်ဦးမယ်၊ ခဏစောင့်ပါ"

ဒေါက်တာအုန်းမောင်မျက်နှာကိုပြုံး၍ကြည့်ကာ ကုလားက ပြော၏။

"အေး ... အေး"

ဒေါက်တာ မင်းရွှေဇံသည် ကုလားကိုကြည့်ရင်း အံ့အားသင့်သွား၏။

"ဗျို့ ကိုအုန်းမောင် ... ကုလားကလည်း မျက်နှာတွေ့ရလို့သာ

mgyoe.com

ကုလားသာဆိုရတယ်၊ ဗမာသံ ပီလိုက်တာနော်”

“ပီဆိုဗျာ ... ဒီကုလားက ဒီအိမ်မှာ မာလီလည်းလုပ်တယ်၊ ဒရဝမ် လည်း လုပ်တယ်။ သူက သား ဒီဗန်းဆိုပါတော့။ သူ့အဖေ ဒီဗန်းက ဦးကျီးမြိုင်နဲ့အတူ သရက်ချောင်းမှာ ဒေါ်ခင်မေဆက် အဖေရဲ့ လယ်မြေ တွေကို ဓားမဦးချ လုပ်လာခဲ့တာလို့ ဦးကျီးမြိုင်က ပြောပြဖူးတယ်”

“ဒီအိမ်ကြီးကလည်း လူတစ်ယောက်မှာ နောက်ခံအကြောင်းတစ် ခုစီနဲ့ပါလား။ ခင်ဗျား ဒေါ်ခင်မေဆက်ရဲ့ လက်စွဲဆရာဝန်လုပ်လာတာ ကြာပြီလား”

“ငါးနှစ်လောက်ပဲ ရှိဦးမယ်။ အန်ကယ် ဦးမင်းချိန် ဆက်ပေးလို့ အစက သူတို့မိသားစုကို စောင့်ရှောက်ကုသပေးနေတာ ဦးမင်းချိန်ကို ခု”

“သြော် ... ဆရာဝန်ကြီးတို့ပါလား”

ကြည်လင်ပြတ်သားသော မိန်းကလေးတစ်ယောက်၏ အသံပေါ် လာ၍ သူတို့ စကားစ ပြတ်သွား၏။ မိန်းကလေးသည် သံဆွဲတံခါးကို ဖွင့်ပေးလိုက်သည်။

“အကြာကြီးများ စောင့်နေရလား၊ အားနာလိုက်တာ။ အထွေး မီးဖို ချောင် ဝင်နေလို့ပါ ... ဧည့်ခန်းထဲမှာ ထိုင်ပါဦးနော်။ အန်တီမေကို အထွေး သွားပြောလိုက်ပါဦးမယ်”

မိန်းကလေးညွှန်ပြသော ဧည့်ခန်းတွင်းသို့ ဝင်ထိုင်လိုက်ကြ၏။

“မင်းရွှေဖ ... အဲဒီမိန်းကလေးက ဒေါ်ခင်မေဆက်ရဲ့ စက္ကရီ ဆိုပါ တော့ဗျာ။ အမှန်တော့ သူနာပြုဆရာမလေး၊ သူ့နာမည်က ရှင်မင်းထွေးတဲ့။ ခုတော့ အဘွားကြီးနဲ့အတူပဲ နေတော့တယ်။ ချောတယ်ဗျနော်”

မင်းရွှေဖသည် ခေါင်းညိတ်ပြလိုက်ရင်း သူ့မျက်လုံးများကမူ သူ့ ရှေ့တည့်တည့် နံရံတွင် ချိတ်ဆွဲထားသော အမျိုးသမီးနှစ်ယောက်၏ ဓာတ်ပုံဆီသို့ ရောက်သွား၏။ အမျိုးသမီးနှစ်ယောက်သည် စစ်ခေတ် မတိုင်မီက မြန်မာအမျိုးသမီးတို့ ထုံးနေကျ ပုံစံ ဘီးဆံထုံးနှင့်ဖြစ်၏။ နှစ်ယောက်စလုံး၏ ပြုံးနေသော မျက်နှာမှာ ဤအခန်း၏ ကျက်သရေလို ဖြစ်နေ၏။ ညိုမှောင်သော မျက်ဝန်းနက်ပုံမှာ ဆင်တူနေကြ၍ ညီအစ်မ ဖြစ်ဟန်တူသည်။

“နေကောင်းပါရဲ့လား ဒေါက်တာအုန်းမောင်ရဲ့ ...”

mgyoe.com

mgyoe.com

အေးမြသော အသံတစ်သံ ပေါ်လာကာ အမျိုးသမီးကြီးတစ်ယောက် ဧည့်ခန်းတွင်းသို့ ဝင်လာ၍ သူသည် ဒေါက်တာအုန်းမောင်နှင့်အတူ မတ်တတ်ရပ် နှုတ်ဆက်လိုက်ကြ၏။

"ထိုင်ပါ .. ထိုင်ပါ"

"အန်တီမေ ... နေကောင်းရဲ့လား။ သူက ကျွန်တော့်သူငယ်ချင်း ဒေါက်တာ မင်းရွှေဖဲပါ။ မင်းရွှေဖဲ ... ဒီက အန်တီက ဒေါ်ခင်မေဆက်ပါ။ ကျွန်တော် ခွင့်ရက်ရှည်ယူပြီး ခရီးထွက်ချိန်မှာ အန်တီမေ ကျန်းမာရေးကို သူ တာဝန်ယူပါလိမ့်မယ်။ အန်တီမေတို့ အိမ်ကြီးကိုလည်း သူနေရတာ ပျော်ပါတယ်တဲ့"

"သြော် ... ကျေးဇူးတင်ပါတယ် ဒေါက်တာ မင်းရွှေဖဲ။ စိတ်လှုပ်ရှားစရာတွေနဲ့ အလုပ်ကိစ္စလေးတွေ များလို့ အိပ်ရာပေါ် နားနေရတာ နှစ်ပတ်နီးနီးပဲ။ ခုတော့ အန်တီ နေကောင်းပါတယ်။ ဒါကြောင့် အိမ်ကြီးကို ငှားတဲ့ကိစ္စကအစ လူကဲခတ်ဖို့ရော ဝတ်လုံ ဦးမင်းဟန်နဲ့ ဦးကျိုးမြိုင်တို့ကို တာဝန်လွှဲလိုက်တာ။ ဒေါက်တာအုန်းမောင် သူငယ်ချင်းဆိုတော့ အန်တီမေက လူကို စိတ်ချလက်ချပါပဲ"

မင်းရွှေဖဲ မျက်နှာကို စေ့စေ့ကြည့်၍ ပြောစဉ်တွင် နေမကောင်းသူ၏ ရုပ်သွင်မပေါ်၊ မျက်လုံးများမှာ တဖိတ်ဖိတ် တောက်ပနေ၏။

"ဟုတ်ကဲ့ခင်ဗျာ ... ကျွန်တော်လည်း ဒီအိမ်ကြီးကို ရောက်ကတည်းက ပျော်ပါတယ်။ ကျွန်တော်က တစ်ယောက်တည်းသမားဆိုတော့ အိမ်ကြီးက ကျယ်လွန်းတောင်နေပါတယ်။ စိတ်ချပါ အန်တီမေတို့ ကြိုက်သလို အိမ်ကြီးကိုလည်း ကျွန်တော် စောင့်ရှောက်နေပါ့မယ်"

ရှင်မင်းထွေးဆိုသူ အမျိုးသမီးသည် အစိမ်းနုရောင် ဖန်ပန်းကန်တွင် ရေခဲနှင့် သစ်သီးစုံ အဖျော်များ ထည့်၍ ယူလာ၏။ ဧည့်ခန်း အလယ်စားပွဲတွင် ချကာ သူတို့နှစ်ဦးအား တစ်ခွက်စီ လက်ကမ်း၍ ပေးလိုက်၏။

"အိမ်ကြီးမှာ ယူစရာ ငင်စရာ ပစ္စည်းတွေရှိရင် ဟောဒီမိန်းကလေး ရှင်မင်းထွေးကို လွှတ်လိုက်မယ်နော်၊ ခွင့်ပြုပါ။ အိမ်ရှင်ဟာ အန်တီမေ ဆိုပေမယ့် ဒေါက်တာမင်းရွှေဖဲကို ငှားထားချိန်မှာ ဝင်ခွင့်ထွက်ခွင့် တောင်းထားရသေးတာပေါ့"

"ကိစ္စမရှိပါဘူးခင်ဗျာ ... အန်တီတို့က အိမ်ရှင်ပဲ"

mgyoe.com

mgyoe.com

"အန်တီမေကလေ ... ရောဂါကြောင့် စကားမပြောရဘူးဆိုလေလေ စကား သိပ်ပြောချင်တာ။ စကားပြောရင်လည်း မေးကြောကြီးတွေ လေးလာပြီး လေမဆက်တော့ဘူး၊ ဒေါက်တာအုံးမောင်သာ မေးကြည့်တော့။ ဟိုအိမ်ကြီးက အသိုင်းအဝိုင်းနဲ့ နေကြဖို့ကောင်းတယ်။ အန်တီမေက တစ်ယောက်တည်းရယ်။ တစ်ခါတစ်ခါ အိပ်ခန်းထဲ ဝင်လာတဲ့သူတောင် ရှင်မင်းထွေးကလွဲလို့ ဘယ်သူ့ကိုမှ စကားမပြောချင်ဘူး။ အသိုင်းအဝိုင်း၊ အိမ်ရဲ့ အကျယ်အဝန်း၊ ပရိဘောဂ လိုက်ပြီး ထိန်းရ သိမ်းရ ထားရ သိုရဖို့ အခြွေအရံဆိုတာ အင်မတန်လိုတာ။ ဒါတွေကိုမှီပြီး ဖြစ်ရတဲ့ စိတ်သောက ပူပန်မှု၊ ဆင်းရဲမှုဟာလည်း လူကို ဝေဒနာတိုးစေတာပဲ။ ခုတော့ အန်တီ အားလုံးကို လျှော့ချလိုက်တယ်လေ။ ရောဂါလည်းသက်သာ၊ ခြေနိုင် လက်နိုင် ရှင်မင်းထွေးနဲ့ နှစ်ယောက်တည်း ဒီအိမ်လေးမှာပဲ နေတာပါ။ အစစ အရာရာ ကိစ္စကြီးငယ်ရှိရင် ဦးကျိုးမြိုင်ကတစ်ဆင့် ဝတ်လုံဦးမင်းဟန်နဲ့ ဆက်သွယ်ပါ။ အန်တီမေတို့ တစ်မျိုးလုံး လူငယ်ပိုင်းက ဝတ်လုံဦးမင်းဟန်ကို ဘကြီးဟန်လို့ပဲခေါ်တယ်။ ဝတ်လုံတော်ရ ဦးမင်းဟန်ဟာ ဖေဖေတို့ မေမေတို့ မသေခင်ကတည်းက အန်တီတို့ မိသားစုကို တာဝန်ယူစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးရှင်ကြီးပါပဲ။ ကဲ ... သစ်သီးစုံ သုံးဆောင်ပါဦး"

ဒေါခင်မေဆက် စကားပြောနေစဉ် ရှင်မင်းထွေးသည် အပါးတွင်ထိုင်ကာ ကြည်လင်ရီးသားသည့် မျက်နှာနှင့် ဧည့်သည်များ မျက်နှာကို ကြည့်လိုက်၊ သူ့ အန်တီမေ မျက်နှာကို ကြည့်လိုက်နှင့် သရက်ဖြူနုနုလေးလို ဖြူဖြူထွေးထွေး ချစ်စရာလေးပင် ဖြစ်၏။ သူတို့သည် နို့နှင့်ရော၍ ဖျော်ထားသော သစ်သီးစုံကို ငွေရောင်ဇွန်းများနှင့် ခပ်၍သောက်ရင်း ဒေါခင်မေဆက်၏ စကားများကို နားထောင်နေကြ၏။

"လျှမ်းလျှမ်းတောက်ခဲ့တဲ့ တစ်ချိန်ကို ထိန်းထားတဲ့အနေနဲ့ အသိုင်းအဝိုင်း အခြွေအရံတွေ တသီကြီးရှိမှ နေလို့ဖြစ်တဲ့ ဟိုအိမ်ကြီးမှာ ဆက်လက်နေဖို့ အန်တီကြိုးစားမယ် စိတ်ကူးတယ်။ နေဖြစ်အောင် နေရင်တော့ ရပါတယ်လေ။ ဒါပေမဲ့ ဒါဟာ အဝိဇ္ဇာမပါဘဲ စဉ်းစားကြည့်ရင် ကြွားဝါခြင်းတစ်မျိုးလားလို့ အန်တီ စဉ်းစားမိတယ်။ ဒါကြောင့် သက်တောင့်သက်သာ ကိုယ်နဲ့ အဆင်ပြေနိုင်မယ့် အခြေအနေကို ဖန်တီးယူလိုက်တာပါပဲ။ ပထမတော့လည်း သံရုံးက အိမ်ပွဲစားတွေအပ်ပြီး နှစ်ရှည်

mgyoe.com

mgyoe.com

စာချုပ်နဲ့ငှားရင် တစ်လ နှစ်ထောင် ကောင်းကောင်းရနိုင်ပါတယ်"

ဒေါ်ခင်မေဆက် ပြောသည်မှာ မှန်၏။ ထိုတစ်ချိန်က သံရုံးအများအပြားနှင့် ဆက်သွယ်ကာ အိမ်များကို နှစ်ရှည်စာချုပ်နှင့်ငှားလျှင် ဝင်ငွေကောင်းရုံမက အိမ်ကိုလည်း နိုင်ငံခြားသားများအကြိုက် ပုံစံပြင်ဆင်ပြီးဖြစ်သွားလေသည်။

"အန်တီမေလေ ... ပထမတော့ အဲဒီလိုပဲ လုပ်မယ်စိတ်ကူးမိတယ်။ ကြိုးစားကြည့်သေးတယ်။ နောက်တော့ စဉ်းစားမိတယ်လေ ... 'ဆက်' မိသားစုရဲ့မြေကို နိုင်ငံခြားသား ထိုးအပ်သလိုများ ဖြစ်နေသလားလို့ ကိုယ့်စိတ်ကိုယ် မသန့်ရှင်းတာနဲ့ ဒီအိမ်ကြီး ဖရိုဖရဲမဖြစ်အောင် ပြင်ဆင်လို့ရမယ့် ဝင်ငွေရရုံပဲ ကိုယ့်အမျိုးသားထဲက လူကို ငှားလိုက်တာပါ။ လူတွေကလည်း သစ္စာမဲ့ကြလေတော့ တချို့ဟာ ကိုယ့်ဂုဏ်နဲ့ မလိုက်အောင်ပဲ ကိုယ့်သိက္ခာ ကိုယ်မထိန်းကြဘူး ဒေါက်တာရယ်။ အိမ်ကို အပိုင်စီးကြတာတွေ၊ ပြောင်းကာနီး ရွှေ့ကာနီးကျရင် အကြပ်ကိုင်ကြတယ်။ နိုင်ငံခြားသားနဲ့ ကင်းအောင်နေပြီး ကိုယ့်အမျိုး ကိုယ်အားကိုးပြန်တော့လည်း လူသူတော်ကောင်းနဲ့ မတွေ့မှာ စိုးရသေး။ ပြီးတော့ ဒီအိမ်ကြီးကိုမှီပြီး တခြား သောကတွေလည်း အန်တီမှာ ဖြစ်ဖြစ်နေမိတယ်။ အင်္ဂလိပ်လိုတော့ Hauntted ခေါ်မလား။ ဒါကြောင့်ပါလေ ... ခုတော့ ဒေါက်တာအုန်းမောင်မိတ်ဆွေဆိုတော့ အန်တီမေ စိတ်အေးပါတယ်။ လိုအပ်တဲ့ ပြင်ဆင်စရာလေးတွေရှိရင် ဦးကျိုးမြိုင်ကို အကြောင်းကြားပါ။ ခုကော လောလောဆယ် ဘာလိုသေးလဲ"

"မလိုပါဘူး ခင်ဗျာ"

"ကဲ ... ဒီလိုဆို အန်တီမေကို ခွင့်ပြုပါ။ ရှင်မင်းထွေးနဲ့ စကားပြောနေရစ်ပေတော့"

"ဟုတ်ကဲ့၊ အန်တီမေ သက်သောင့်သက်သာ နားနေဖို့ ကောင်းပါပြီ"

ဒေါက်တာအုန်းမောင်က ဝင်ထောက်လိုက်၏။ ဒေါ်ခင်မေဆက်သည် ဧည့်ခန်းမှ ဖြည်းညင်းစွာ ထသွား၏။

"အန်တီမေက ခုတလော စကားသွက်သွက် ပြောလာနိုင်ပြီ။ သူကျန်းမာတုန်းကဆို မိတ်ဆွေအိမ်ကို သွားလာပြီး နေတတ်ပါတယ်။ တစ်ခါ

mgyoe.com

mgyoe.com

တလေလည်း သူ့ဆွေမျိုးတွေ၊ မိတ်ဆွေတွေကို ဖိတ်ခေါ် ကျွေးမွေးတတ်တယ်။ အနည်းဆုံး မုန့်ဟင်းခါးဖြစ်ဖြစ် ချက်ပြီး နှစ်ပတ်တစ်ခါလောက် သူ့ ငယ်သူငယ်ချင်းတွေ၊ သူ့မိသားစုရဲ့ မိတ်ဟောင်းတွေကို ကျွေးမွေးနေတတ်ပါတယ်။ ခု ရောဂါရပြီးကတည်းက သူ တစ်ယောက်တည်း နေတော့တယ်။ ဒေါက်တာ အုန်းမောင်လည်း အန်တီရောဂါ ကုလာတော့ အန်တီမေ စိတ်ကို အကဲခတ်မိမှာပေါ့"

ရှင်မင်းထွေးကလည်း ဒေါ်ခင်မေဆက် အမူအယာ ဟန်ပန်နီးနီး စကားပြောနိုင်သူတည်း။

"ဟုတ်ပါတယ် မင်းရွှေဇံ ... ကျွန်တော်နဲ့တွေ့ပြီး သူ့ရောဂါ အခြေအနေဟာ သိပ်ကောင်းလာတာပဲ"

ဒေါက်တာအုန်းမောင်သည် မင်းရွှေဇံဘက်လှည့်၍ ပြောလိုက်၏။

"အထွေးလည်း ဆရာ့ကို ဆက်ဆံသလို မင်းရွှေဇံအပေါ်မှာ ဆက်ဆံနိုင်ပါတယ်။ ဆရာ့ထက် ငယ်ပေမယ့် ညီအစ်ကိုလိုပါပဲ"

"ဟုတ်ကဲ့ ... ဝမ်းသာပါတယ်။ အထွေးမှာတော့ ဝေဒနာသည် တစ်ယောက်လိုအနေထက် ကြာကြာနေလာလေလေ အန်တီမေကို ဆွေမျိုးလို ခင်မင်တွယ်တာလာလေလေပါပဲ။ ဒါကြောင့် သူနာပြုဆရာမ မဟုတ်တော့ဘဲ သူ့ရဲ့ စက္ကရီလို ဘာဖြစ်ဖြစ် ဆောင်ရွက်ပေးနေတာပါ"

ရှင်မင်းထွေးသည် သူ့အခြေအနေအား မင်းရွှေဇံကို ရှင်းပြနေ၏။

"ဪ ... သူ့မှာ တစ်ယောက်တည်းကိုး။ သီးသန့် တစ်ယောက်တည်း နေလွန်းတော့လည်း ရောဂါတစ်ခုလို ဖြစ်လာတာပါပဲ"

"မဟုတ်ပါဘူးရှင် ... မဟုတ်ပါဘူး။ အန်တီမေ ခဏခဏ ပြောပြဖူးပါတယ်။ 'ဆက်' မိသားစုဟာ အများနဲ့ သိုင်းသိုင်းဝိုင်းဝိုင်း အလွန်နေတတ်တာတဲ့။ မာမီကလည်း ပြောပြပါတယ်။ အန်တီမေ့ အဖေ ဦးဆက် မြောင်းမြမှာ နေခဲ့တဲ့ တစ်ချိန်ကို မီတဲ့လူတွေမေးကြည့်ရင် 'ဆက်' မိသားစု နေပုံဟာ အရပ်နဲ့ အင်မတန် ဝင်ဆံ့တဲ့ မိသားစုတဲ့။ သီးခြား ကင်းကွာနေတတ်တဲ့ သူတွေမဟုတ်ဘူးတဲ့"

"ဪ ... ရှင်မင်းထွေးက မြောင်းမြသူလား"

မင်းရွှေဇံက မေးလိုက်၏။

"ဆိုပါတော့။ ဒါပေမဲ့ အထွေး မြောင်းမြကို ငယ်ငယ်ကပဲ ရောက်

mgyoe.com

mgyoe.com

ဖူးလို့ မမှတ်မိဘူး။ အထွေးရဲ့ မာမီက သူနာပြုဆရာမကြီး ဒေါ်ခရစ္စတီး နားပါ။ သူ့အိမ်အစစ်က မြောင်းမြက တောင်သူကုန်းမှာ။ အထွေးက ရန်ကုန်မှာပဲ ကျောင်းနေ၊ စာမေးပွဲတွေဖြေပြီး သူနာပြုဆရာမ စာမေးပွဲ အောင်တော့လည်း ရန်ကုန်မှာပဲ အလုပ်လုပ်တာပဲ။ မာမီက မြောင်းမြမှာ အနေများတယ်။ အထွေးကတော့ အဒေါ်တွေနဲ့ ဒီမှာ အနေများပါတယ်။ မာမီလာတဲ့အခါ တစ်လတစ်ခါလောက် အလုံအိမ်ကို ပြန်ပါတယ်"

"မမှာတော့ပါဘူး ... ကဆုန်လပြည့် နီးရင်တော့ အထွေး အိမ်ကြီးကို လာရဦးမယ်။ ဆရာ မင်းရွှေဖဲကို ခွင့်တောင်းထားရဦးမယ်"

"အခါမရွေး လာနိုင်ပါတယ်။ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး။ အန်တီမေကိုလည်း နှုတ်ဆက်သွားတယ်လို့ ပြောလိုက်ပါ"

သူတို့နှစ်ယောက်သည် ရှင်မင်းထွေးကို နှုတ်ဆက်ကာ ပြန်လာခဲ့ကြ၏။ ကားပေါ်တွင်မူ မင်းရွှေဖဲသည် စဉ်းစားရင်း လိုက်ပါလာခဲ့၏။

"ဒီတနင်္ဂနွေဟာ ကျွန်တော့်အတွက် ထူးခြားတဲ့ တနင်္ဂနွေပဲ"

ကားမောင်းသူ ဒေါက်တာအုန်းမောင်ဘေးတွင် ထိုင်ရင်း မင်းရွှေဖဲက ပြောလိုက်၏။

"မနက်ပိုင်းကတော့ ဟိုရောဂါသည် မောင်နှမကို တွေ့ရတယ်။ ဆရာဝန်ဆိုတာကတော့ ဣဋ္ဌာရုံတို့ အနိဋ္ဌာရုံတို့ မရှိပါဘူးဗျာ။ မနက်အစောကြီး မျက်လုံးပွင့်ပွင့်ခြင်း ဈာပနနဲ့ တွေ့ချင် တွေ့ရတာ။ မနက်ကတော့ စိတ်မချောက်ချားပါဘူးဆိုပေမယ့် ကျွန်တော် စိတ်တော်တော် လှုပ်ရှားသွားတယ်။ ဟော ... ခုညနေ အမျိုးသမီးနှစ်ယောက်နဲ့ တွေ့ရတော့လည်း စိတ်ထဲမှာ ကြည်နူးစရာပဲနော်။ စိတ်လည်း စိတ်ဝင်စားစရာ ကောင်းတယ်"

"ဟဲ ... ဟဲ"

မင်းရွှေဖဲစကား နားထောင်ရင်း ဒေါက်တာ အုန်းမောင်သည် ခပ်သောသော ရယ်လိုက်၏။

"ခင်ဗျား ရယ်ပုံက အဓိပ္ပာယ်များလိုက်တာ"

"များဆိုဗျာ ... ညဉ့်ခန်းနံရံမှာ ချိတ်ထားတဲ့ ဓာတ်ပုံထဲက တစ်ယောက်က ဒေါ်ခင်မေဆက် အပျိုတုန်းကပုံ ထင်တယ်။ ရှေ့ဘက်နံရံက ပန်းချီကားချပ်ထဲက ပန်းနှစ်ပွင့်ကတော့ ဝေါက်တောက်ကြီး

mgyoe.com

mgyee.com

အဆက်အစပ်လည်း မရှိဘူး"

"သူတို့ညီအစ်မ ငယ်ငယ်တုန်းက ရိုက်ထားတဲ့ ပုံလေ။ တစ်ယောက်က သူ့အစ်မကြီး ပန်းချီကားချပ်ကတော့ ကျွန်တော်လည်း အနုပညာ မျက်စိ မရှိတော့ မသိဘူး"

"အေးလေ ... ဆံမြိတ်တိုတွေ ကိုယ်စီနဲ့ ခုခေတ် တက္ကသိုလ်ကျောင်းသူတွေ မျက်လုံးမှာတော့ ညီအစ်မနှစ်ယောက် ချောတာကလွဲရင် ပြင်ဆင်ဝတ်စားထားတာကို ရယ်စရာလို ထင်မှာပဲ။ မျက်နှာတွေကလည်း မြန်မာချော ချောတယ်၊ သိမ်မွေ့တယ်၊ သူတို့မျက်နှာဟန်ကိုက ရှေးမြန်မာဆန်တယ်ဗျာ။ ရှင်မင်းထွေးလှပုံနဲ့တောင် မတူဘူး"

"ကိုယ့်လူ ... ရှင်မင်းထွေးအလှမှာလည်း စိတ်ဝင်စားသွားပြီနဲ့တူတယ်"

"တစ်ခုတော့ ကျွန်တော် စဉ်းစားနေတယ်။ သူ့အနားမှာ အမျိုးထဲက မထားဘဲ ရှင်မင်းထွေးကို လခစား စက္ကရီအနေနဲ့ ထားပုံရယ်၊ မြန်မာအိမ်တစ်ခုမှာ ဧည့်သည်နဲ့ စကားပြောရင် အိမ်ရှင်က ဘယ်တော့မှ အရင်မထဘူး။ ခုတော့ ဒေါ်ခင်မေဆက်က ခွင့်တော့ တောင်းပါရဲ့၊ ဒါပေမဲ့ အရင်ထသွားပုံလေးတွေကတော့ အနောက်တိုင်းယဉ်ကျေးမှု နည်းနည်းဆန်တယ်နော်"

"ဒါကတော့ ရောနေတာပေါ့လေ။ ထိပ်တင်မလေးတို့၊ ဘာတို့ဆိုတဲ့ မိသားစုမှာတောင် မဖုရားလေး ကက်သရင်းတို့၊ ဉက္ကာမယ် ရိဇလင်းတို့ ရှိသေးတာပဲ"

"သူ့အစ်မကရော"

"သူ့အစ်မက ခင်မျိုးဆက်တဲ့။ စစ်မဖြစ်ခင် ရန်ကုန်တက္ကသိုလ် လောကမှာ ကျောင်းသူတွေထဲက တစ်ယောက်ယောက်ဟာ အလှသို့မဟုတ် အဆို၊ ဒါမှမဟုတ် ဆိုရှယ်ဆိုပါတော့ဗျာ ... နာမည်ကြီးကြတာတွေ ရှိခဲ့တယ်တဲ့။ ဒေါ်ခင်မေဆက်တို့ ညီအစ်မကတော့ သူတို့တစ်ခေတ် တက္ကသိုလ်မှာ အလှဘုရင်မတွေပေါ့လေ"

"ဖြစ်နိုင်တယ်ဗျာ ... ဒေါ်ခင်မေဆက်တောင် ခင်ဗျားတို့က သူဌေးမကြီး၊ သူဌေးမကြီး ပြောပြောနေတော့ ကျွန်တော့်စိတ်ကူးထဲမှာ သူ့အိုရွတ်တွ သူဌေးမကြီးလို့ အောက်မေ့နေတာ။ သေသေချာချာမြင်ရတော့

mgyoe.com


၄၀ ကျော် ၅၀ ထဲ ရောက်ပြီဆိုတာတောင် သူ့အလှ မကုန်သေးဘူးနော်"

"သူ့အစ်မ ခင်မျိုးဆက်က ပိုပြီး ကိုယ်လုံးကိုယ်ပေါက် လှတယ်တဲ့။ အန်ကယ် ဦးမင်းချိန် ကျွန်တော့်ကို ပြောပြတယ်"

"ဒေါ်ခင်မျိုးဆက်ကရော အခု ဘယ်မှာလဲ"

"နိုင်ငံခြားမှာလို့ ပြောတယ်။ ဘယ်လိုပဲ လှလှပေါ့ဗျာ ... မိန်းမတွေဟာ ပန်းလိုပါပဲ။ သူတို့ကျက်သရေကိုကြည့်ပြီး ကြည်နူးခံစားနိုင်တဲ့သူ ရှိရင် ကောင်းတာပေါ့။ ခုတော့ ဒေါ်ခင်မေဆက်ဟာ ဒီလိုပဲ အပျိုကြီးဘဝနဲ့ နေတော့မယ် ထင်ပါရဲ့ ဟဲ ဟဲ။ ကျွန်တော့် ဟဲဟဲ ကို ဆက်ချင်တယ်ဗျာ ... ရှင်မင်းထွေးရဲ့အလှဟာလည်း ရေမြေလိုက်သွားပြီး ဒေါ်ခင်မေဆက်ကြီးလို ဖြစ်သွားရင်ဖြင့် နှမြောစရာကြီး"

"ဒါ ခင်ဗျား ... ကျွန်တော့်ကို ချိန်ချလိုက်တဲ့ စကားလုံးပါဗျာ။ တည့်တည့်ပြောရင် ရိပ်မိပါတယ်"

"ဟဲ ဟဲ ... ဟိုဒင်းလေဗျာ ... မမှုပေသည်၊ လှလေလျက်လည်း၊ တောကြီးလုံးခင်၊ အသွင်အမရာ၊ တော်ထိုက်စွာမူ၊ ကြည်ဖြူသက်ပေး၊ ကြင်သူဝေးတော့၊ ဝင့်ကြွေးငယ်ဖန် ကျန်လေသည့်ဆိုတဲ့ ဂန္ထလောကခေတ် ကဗျာတစ်ပုဒ်လိုပေါ့"

"အေးဗျာ ... ဒေါ်ခင်မေဆက်လို မိန်းမတစ်ယောက်မှာ အချစ်မရှိခဲ့ဘူးဆိုရင်တော့ ကျွန်တော် မယုံနိုင်ဘူး။ ဟော ... ဟော ..."

ဒေါက်တာအုန်းမောင်က ကားကို အိမ်ဝင်းထဲ ချိုးဝင်စဉ် မင်းရွှေခံသည် အလန့်တကြား အော်လိုက်၏။

"ဘာဖြစ်ကြတာပါလိမ့်"

အိမ်ကြီး၏ ပတ်ဝန်းကျင်တွင် လုံခြုံမှုအတွက် ထွန်းထားသော လျှပ်စစ်မီးများ ထိန်ထိန်လင်းနေ၏။ ဆင်ဝင်အောက်တွင်မူ ရဲအရာရှိနှစ်ယောက်၊ ရဲဘက်မှ ကားတစ်စီး၊ သက်ဖေတို့ လင်မယား၊ ဦးကျီးမြိုင်ပါ ရှုတ်ယှက်ခတ်နေ၏။ ရဲသားနှစ်ယောက်လက်ထဲတွင်မူ အသက် နှစ်ဆယ်လောက်အရွယ် လူငယ်လေးတစ်ယောက်မှာ နင်းကန်အော်ဟစ်နေ၏။

"ခင်ဗျားတို့ ကျုပ်ကို သတ်နိုင်တယ်၊ ဖမ်းချင်လည်း ဖမ်းကြ။ ခင်ဗျားတို့ မသတ်ခင် ဒီသူဌေးမဆိုတဲ့ ခင်မေဆက်ကို ကျုပ်လက်နဲ့ သတ်ရမှ။ (သူငယ်လေးသည် ရင့်သီးစွာ ဆဲလိုက်၏။) သူများပစ္စည်းတွေ

mgyoe.com

mgyoe.com
မတရားယူထားတဲ့ သူ့ရဲမ၊ တစ္ဆေမကြီး၊ သွေးစုတ်မကြီး ... ခစ် ခစ် ခစ်"

အော်ရင်း ဟစ်ရင်းမှ သူငယ်လေးသည် အမြှုပ်တစီစီ ပါးစပ်မှ ထွက်လာကာ မေ့လဲကျသွားတော့သည်။ ဆရာဝန်နှစ်ယောက်ကတော့ ဘေးမှ မြင်ကွင်းကို ခဏ လျစ်လျူရှုထားကာ အရင်ဆုံး သူငယ်လေးကိုသာ ပြေးကြည့်ကြ၏။ ဧည့်ခန်းတွင်းသို့ မချီသွားရင်း ပထမဆုံး သတိရအောင် လုပ်ကြ၏။ သို့သော် ချက်ချင်း သတိမရပေ။ ဒေါက်တာအုန်းမောင်သည် သူ လိုချင်သော ဆေးတစ်လုံးကို မင်းရွှေဖံထံမှ တောင်းယူကာ သူငယ်လေးအား ထိုးပေးလိုက်၏။

"ကဲ ရဲအရာရှိ ... နောင်ကြီးကို ကျွန်တော် တောင်းပန်ပါတယ်။ ခုကိစ္စ ဘာဖြစ်တာလဲလို့ ကျွန်တော် မသိဘူးခင်ဗျ"

ဒေါက်တာအုန်းမောင်က ပြောလိုက်၏။

"ကျွန်တော်တို့လည်း မသိဘူး"

ရဲအရာရှိက ပြောလိုက်ပြန်သည်။

"ကာယကံရှင် ကျေနပ်တယ်ဆိုရင် ဒီသူငယ်လေးကို ကျွန်တော် ဆေးရုံခေါ်သွားဖို့ ရဲအရာရှိများ ခွင့်ပြုပါ။ ပြီးမှ ဥပဒေအရ ကိစ္စတွေ ဆောင်ရွက်စရာရှိတာ ဆောင်ရွက်ပါ။ သူငယ်လေးက နော်မယ်မဟုတ်ဘူး။ (ဒေါက်တာအုန်းမောင်သည် အင်္ဂလိပ်လို ညှပ်ပြောလိုက်၏) ဦးနှောက် ကျပ်ပြည့်ပုံမရဘူး။ စိတ္တဇဆေးရုံ ခေါ်သွားပြီး လိုအပ်ရင် ဓာတ်နဲ့ နှိပ်ပြီးမှ ရဲဘက်ကို အပ်ပါရစေ"

"ဟုတ်ပါတယ် ... ကာယကံရှင်ဆိုရင် ကျွန်တော်ပါပဲ။ ကျွန်တော် အားလုံးသိပါတယ်။ ကျွန်တော် ကျေနပ်ရင် ပြီးတယ်မို့လား ... ဒီကိစ္စ ကျွန်တော် အားလုံးသိပါတယ်။ သူငယ်လေးက စိတ်မမှန်ပါဘူးခင်ဗျာ။ ဂယောင်ချောက်ချားဖြစ်နေတာ ကြာပါပြီ"

ဦးကျီးမြိုင်သည် ဝင်၍ ပြောလိုက်၏။

"ဟုတ်ကဲ့ခင်ဗျာ ... ကျွန်တော်တို့လည်း တယ်လီဖုန်း ဆက်ခေါ်တာနဲ့ အပြေးအလွှားလာရတာ။ ဒီရောက်တော့ ဓားတစ်ချောင်းနဲ့ ဒီလူ့ လက်ထဲ ရန်းကန်နေတဲ့ သူငယ်လေးကို မြင်ရတာပါပဲ။ ဓားကို သက်သေခံ ပစ္စည်းအဖြစ် သိမ်းသွားပါရစေ"

"ယူသွားနိုင်ပါတယ်။ ကဲ ... သက်ဖေ၊ ငါ့ကားပါ ဒီသူငယ်လေး

mgyoe.com

mgyoe.com

တင်လိုက်။ မင်းပါလိုက်ခဲ့"

"ကျွန်တော်လည်း လိုက်ခဲ့မယ်လေ"

မင်းရွှေဖဲက ပြောလိုက်သည်။

"မလိုပါဘူးဗျာ ... ခင်ဗျား နားဦး။ ဦးကျိုးမြိုင်နဲ့ သက်ဖေပါရင် တော်ပြီ"

ရဲအရာရှိများပါ ကူညီ၍ သူငယ်လေးအား ကားပေါ်တင်ကာ ဒေါက်တာအုန်းမောင်သည် ကားကို မောင်း၍ထွက်သွားတော့သည်။ ရဲအရာရှိများသည်လည်း မင်းရွှေဖဲကို ယဉ်ကျေးစွာ နှုတ်ဆက်၍ ထွက်သွားကြ၏။

"မစိန်ခင် ... ဘယ်လိုဖြစ်ကြတာလဲ"

သက်ဖေ၏မိန်းမ ထမင်းချက် မစိန်ခင်ကို မင်းရွှေဖဲသည် မေးလိုက်၏။

"ဆရာကြီး ပြန်လာရင် ထမင်းကျွေးဖို့ ကျွန်မ စားပွဲခင်းနေတုန်း အိမ်နောက်ဘက်က ကိုသက်ဖေအသံကြားတာနဲ့ ကျွန်မ ပြေးထွက်သွားတာ။ အပေါ်တက်တဲ့ နောက်ဖေးလှေကားရင်းမှာ ကိုသက်ဖေနဲ့ ဒီသူငယ်လေး လုံးထွေးနေတာ တွေ့တာပဲ။ ဦးကျိုးမြိုင်က အပြင်ခဏသွားနေတယ်။ နောက်မှ ရောက်တာတယ်။ ကျွန်မကတော့ ဂတ်ကို တယ်လီဖုန်း ဆက်လိုက်တယ်။ ဦးကျိုးမြိုင်က ဆရာကြီးသွားတဲ့အိမ်ကို မဆက်ရဘူးတဲ့။ သူငယ်လေးက ဝက်ရူးပြန်တာလားမသိ၊ စိတ်တော့ မနှံ့ဘူးလို့ ပြောတာ၊ ဟုတ်မှာပဲ။ ပါးစပ်ကလည်း သူဌေးမကြီးဆိုတာကို ကျိန်ဆဲလိုက်တာ။ ဦးကျိုးမြိုင်ကပြောတယ် ... ဂတ်ကိုဖုန်းဆက်တာ ဆက်မိပေစေတော့တဲ့၊ သူ့ရဲ့ သူဌေးမကြီးအိမ်ကိုတော့ မဆက်ရဘူးတဲ့။ ဒီကိစ္စ သိလည်း မသိစေနဲ့တဲ့"

"ဟင်း ... ကဲ ကဲ ထမင်းပွဲပြင်ထား၊ ကျွန်တော် ပြန်လာရင် စားမယ်။ ကျွန်တော့်ကားကို ကျွန်တော်ကိုယ်တိုင်ပဲ မောင်းပြီး ဟိုဘက်အိမ်က လူနာကို သွားကြည့်လိုက်ဦးမယ်"

သူ တစ်ဖက်အိမ်ရောက်လျှင် ဒေါ်မေကြည်သင်းက ဆီး၍ကြို၏။

"ကိုကိုရယ် ... နှစ်နှစ်ခြိုက်ခြိုက်ပဲ အိပ်ပျော်နေတယ်။ ဒေါက်တာ ဝင်ကြည့်ပါ"

mgyoe.com

mgyde.com

သူသည် လူနာရှိရာသို့ ဝင်ကြည့်၏။ အဘိုးကြီးသည် နှစ်ခြိုက်စွာ အိပ်ပျော်နေ၏။ သူ့အပါးတွင်မူ လက်တွန်းလှည်းပေါ်၌ ထိုင်နေသော သူနာပြုဆရာမ ဘက်တီဖြစ်ဟန်တူသည်။ သူတို့သည် ဖြည်းညင်းစွာ လူနာခန်းမှ ထွက်လာကြ၏။ ဆရာမ ဘက်တီသည်လည်း နောက်က ကလေးမလေး၏ အကူအညီဖြင့် ဧည့်ခန်းတွင်းသို့ ရောက်လာသည်။

ဘက်တီသည် ခပ်ဝဝ မျက်နှာပြည့်ပြည့်နှင့် အစဉ်ပြုံးနေပုံရ၏။ သူ့အား လက်တွန်းလှည်းပေါ်မှပင် စကားပြောခွင့်ပြုဖို့ တောင်းပန်နေ၏။

"ကိစ္စမရှိပါဘူး ... ဆရာမကြီး ပြောပါ"

"မနက်က သင်းသင်းပြောပြလို့ လူနာ့အခြေအနေအားလုံး သိပြီး ရောပေါ့ ဆရာ ... ဘက်တီ တောင်းပန်ချင်တာက ဒေါက်တာ ဝင်းမွန် ပြန်မလာမချင်း ဆရာပဲ လိုအပ်တာကို သူ ခုလို အိပ်နေဆဲ လာကြည့်ပြီး ညွှန်ကြားပါ။ ဆေးထိုးဖို့တော့ ဘက်တီ တာဝန်ယူနိုင်ပါတယ်"

"ကောင်းပါတယ်လေ ... ကျွန်တော် ကူညီနိုင်ပါတယ်။ မနက်က အခြေအနေအရတော့ ဆေးရုံမှာဆို လူနာအတွက် ပိုအဆင်ပြေမလားလို့။ ခုတော့ ကျွန်တော်ထင်တာထက် အခြေအနေ ကောင်းလာတယ်"

"ဆေးရုံကြီးတင်ဖို့တော့ မဖြစ်နိုင်လွန်းလို့ပါ။ နောက်ဖေးအိုး သိမ်း ပေးတဲ့ အာယားတွေ၊ လူနာခန်း သန့်အောင်လုပ်တဲ့ ကုလားတွေ၊ လူနာ တွေအတွက် အစားအစာ လိုက်ဝေတဲ့ ဘွိုင်တွေ မြင်တာနဲ့ကို အစာမစား ဘဲ ရောဂါတိုးမယ်။ အထူးသဖြင့် သူ ခဏခဏ လက်ဆေးချင်တဲ့ နွားနို့ ပြဿနာက ပိုကြီးလာမှာ"

"ဒီနွားနို့နဲ့ လက်ဆေးတဲ့ကိစ္စက ဘယ်တုန်းလောက်က စဖြစ်လာ တာလဲ"

"နှလုံး မသတီတဲ့ရောဂါကတော့ ဖြစ်နေတာ ကြာပါပြီ။ နွားနို့နဲ့ လက်စဆေးတာကတော့ ဟို ပန်းချီပြပွဲမှာ လဲကျသွားကတည်းကိုက၊ နော်... မကြည်သင်း ဟုတ်တယ်နော်"

ဒေါ်ဘက်တီသည် ဒေါ်မကြည်သင်းဘက်လှည့်ကာ မေးစဉ်တွင် မကြည်သင်းက မျက်လုံးဟန်ပန်နှင့် တားမြစ်လိုက်ပုံ အရိပ်အခြည်ကို ဒေါက်တာ မင်းရွှေဇံ မြင်လိုက်၏။ ဒေါ်ဘက်တီသည် စကားစကို ဖြတ် လိုက်၏။ သူသည် အမျိုးသမီးကြီးနှစ်ဦး၏ မျက်နှာရိပ် မျက်နှာကဲကို

mgyoe.com

ကြည့်ကာ ရှေ့သို့ စကားမဆက်တော့ဘဲ ပြန်ရန် နှုတ်ဆက်လိုက်တော့သည်။

"နေပါဦး ဆရာကြီးရယ် ... ကော်ဖီ သောက်သွားပါဦး"

သူ့အမူအယာအတွက် ဒေါ်မေကြည်သင်းသည် အားတုံ့အားနာဖြစ်နေဟန် ပေါ်သည်။ သို့သော် သူ့အား ကားအထိ လိုက်၍ ပို့လိုက်သည်။

ပန်းချီပြပွဲ ... ဘာကြောင့်များ ပန်းချီပြပွဲတွင် လဲကျသွားပါလိမ့်။ သူသည် စဉ်းစားရင်း ကားကို ညင်သာစွာ မောင်း၍ အိမ်ကို ပြန်လာခဲ့သည်။

ပြဿနာများ များလှသော ထိုတနင်္ဂနွေ၏ ညကိုမူ သူ တိုတိုနှင့် စာရင်းဖြတ်ကာ အိပ်ရာဝင်လိုက်တော့သည်။

၀

mgyoe.com

mgyoe.com

# [၃]

## သခင်လှဦး

တနင်္လာနေ့သည် လူနာသစ်များကို လိုက်လံကြည့်ရှုရ၏။ ၁၃–၁၄ အခန်းမှာ တာဝန်ယူရသော အခန်းဖြစ်သည်။

လူနာသစ်တစ်ယောက်ကို ခုတင်အမှတ် ၅ တွင် သူ တွေ့ရသည်။ လူနာ၏ ရောဂါအဖြစ်အပျက်နှင့် အခြေအနေအရပ်ရပ်ကို ခုတင်ခြေရင်းတွင် ဆွဲချိတ်ထားသော ပုံစံဇယားအတွင်းမှ သူ အားလုံးသိရှိပြီး ဖြစ်လေသည်။ သူသည် ဆရာဝန်ကောင်းတို့၏ အရည်အချင်းများထဲမှ လိုအပ်သော အရည်အချင်းတစ်ခုကို သူ ပြုနေကျအတိုင်း ပြုလိုက်၏။

အားရပါးရ ပြုံးလိုက်ရင်း ...

"သခင်လှဦး နေကောင်းပါရဲ့လားခင်ဗျာ"

ဟု နှုတ်ဆက်လိုက်သည်။

တချို့ဆရာဝန်ကြီးများသည် ရောဂါကုသပုံ အထူး တော်ပါ၏။ မျက်နှာထား တင်းလွန်းသောကြောင့် လူနာများရော၊ လူနာရှင်များပါ ဆရာဝန်ကြီးနှင့် စကားပြောရမှာကို အလွန် ကြောက်ရွံ့၏။ စင်စစ်မှာမူ ရယ်မောပြုံးရွှင်သော ဆရာဝန်၏ မျက်နှာသည် ဆေးကုသခြင်းမပြုဘဲ ရောဂါတစ်ဝက်လောက်ကို သက်သာစေပါသည်။ လူနာသည် မျက်လုံးကို အားယူ၍ဖွင့်ကာ ခေါင်းညိတ်ပြလိုက်သော်လည်း ခွန်အား အလွန်နည်းနေပုံရ၏။ ရောဂါဒဏ်ကြောင့် အသက် ၅၄ ဟူ၍ ရေးထားသော်လည်း လူအိုကြီးတစ်ယောက်လို ပုံပျက်နေ၏။

mgyoe.com

mgyoe.com

အိပ်ရာပေါ်တွင် နားနေ၍ ရက်ရှည်ကုသရမည့် ရောဂါဖြစ်သည်။ လူနာ၏ နှလုံးမှာ အလွန်အားနည်း၍ နေလေသည်။ အသားမှာ ဝါ၍ ဖျော့တော့နေရုံမက မျက်နှာက ပြည့်ပြည့်ဖောင်းဖောင်းကြီးနှင့် မူလအသား အရေမဟုတ်ဘဲ ဖောသွတ်သွတ် ဖြစ်နေပုံရလေသည်။

တစ်လခန့် သူ၏လူနာအဖြစ် ကုသခံယူပြီးနောက် သခင်လှဦး ရောဂါအခြေအနေမှာ အတော်သက်သာ၍ ကောင်းမွန်လာသည်။ သူ့အား စိတ်သက်တောင့်သက်သာနှင့် အားလပ်ချိန်များတွင် စကားထိုင်၍ ပြောနိုင် လာသည်။

သူသည် နေ့လယ်တစ်ချိန်တွင် သူ၏တာဝန်အလှည့်မဟုတ်သော်လည်း မနက်ခင်းက တခြားလူနာတစ်ယောက်၏ အခြေအနေကို စိတ်မချ၍ နေ့ခင်း တစ်ခေါက်လာကြည့်ခြင်းဖြစ်၏။ သူ လာကြည့်သော လူနာ၏ အခြေအနေမှာ သက်သာသည့်အဖြစ် မရောက်သေးသော်လည်း အခြေအနေ တန့်ရပ်နေသည်ဟု ဆိုရပေမည်။ ပိုမို ဆိုးဝါးလာခြင်းမဖြစ်သည်ကိုပဲ ကံတရားကို ကျေးဇူးတင်မိ၏။ သူ့လူနာကို ကြည့်ပြီး သခင်လှဦးထံသို့ လှည့်ဝင်ခဲ့၏။ သခင်လှဦးသည် မျက်နှာကို ကြည်ကြည်လင်လင်နှင့် ခုတင်ပေါ် ထိုင်လျက် တွေ့ရ၏။ ရောဂါကျသွား၍ ယခင်လို ဖောသွတ်သွတ်မဟုတ်ဘဲ မူလမျက်နှာ ပေါ်၍လာသည်။

"ထိုင်ပါဦး … ဒေါက်တာ မင်းရွှေ"

"ဒီနေ့လေ … သခင်လှဦးမျက်နှာ သိပ် လန်းဆန်းတာပဲ။ ဖောတာတွေ ကျသွားတော့ သခင်လှဦးက လူချောပဲ ခင်ဗျ"

"ဟဲ … ဟဲ ဒေါက်တာ ဘာစားမလဲ။ စိတ်ပါပဲလေ … ခါတိုင်း နေ့လယ်နားဖို့ အိပ်နေလည်း အိပ်ရာက နိုးချိန်မှာ ငြိမ်ငြိမ်သက်သက် နေပါလျက်နဲ့ မောဟိုက်ဟိုက် နုံးချိချိကြီး။ ကိုယ့်ဘာသာကိုယ်တော့ သိတယ်လေ။ ခုတလောတော့ ရင်ထဲမှာကို ပေါ့ပေါ့ပါးပါး အသက်ရှူလို့လည်း သိပ်ကောင်းတာပဲ"

သခင်လှဦးသည် ခုတင်ဘေးတွင် ထိုင်လိုက်သော သူ့အား ပြောပြနေ၏။

"အေးဗျာ … နှလုံးရောဂါသမားဆိုတာ ကိုယ်တိုင်က ကိုယ့်ရောဂါကို စိတ်ရှည်ရ၊ သည်းခံရတာပဲ။ နောက်ပိုင်းလည်း သတိထားပေါ့လေ။

mgyoe.com

ကျွန်တော် အကြံပေးချင်တာကတော့ ခင်ဗျား ဆေးရုံက ဆင်းရင် တစ်နေရာရာမှာ စိတ်လွတ်လက်လွတ် ခေါင်းအေးအေး ရှင်းရှင်းထားပြီး အနားယူတာ ကောင်းတယ်။ ကျွန်တော် အမြဲတစေ လုပ်ချင်နေတာ တစ်ခုရှိတယ်ဗျာ။ နာလန်ထ လူနာတွေအတွက် အနားယူစခန်းတစ်ခု၊ လူတွေက ယူဆချက်က တစ်မျိုးပဲ။ အနားယူတာဟာ သူဌေးတွေအလုပ်၊ ဖိမ်ခံတာပဲနဲ့ တစ်မျိုးလက်ခံနေကြတယ်။ သုခ ဒုက္ခဆိုတာ ဆင်းရဲတဲ့သူမှ တွေ့ရမယ်၊ ချမ်းသာတဲ့သူ မတွေ့ရဘူးလို့မှ မရှိဘဲ။ သတ္တဝါဆိုတာ ခန္ဓာကိုယ်ရှိသမျှ ဝေဒနာဆိုတာလည်း အနည်းနဲ့အများ ရှိမှာပဲ။ စိတ်ဆိုတာ ရှိသမျှလည်း ပူပန်စိုးရိမ်စရာ၊ တွေးစရာ၊ တောစရာ ရှိမှာပဲ"

သခင်လှဦးသည် ပြုံး၍ ခေါင်းညိတ်ပြ၏။

"အထူးသဖြင့် ခင်ဗျားတို့လို နိုင်ငံရေးသမားတွေဟာ အပြင် ပတ်ဝန်းကျင်အခြေအနေနဲ့ ကိုယ့်ရင်ထဲက ခံယူချက်နဲ့ ခွင်မကျသရွေ့ စိတ်မောမောပြီး ကြာတော့ နှလုံးရောဂါဖြစ်လာတာပဲ။ နှလုံးအခန်းတွေ ပျက်လို့ ဖြစ်တဲ့ နှလုံးရောဂါမျိုး၊ သွေးပို့သွေးကြောတွေ ကျဉ်းလို့၊ အဆီပိတ်လို့ ဖြစ်တဲ့ နှလုံးရောဂါတွေ မဟုတ်ဘူး။ ဒါပေမဲ့ လွယ်လွယ်လေးနဲ့ အကုရခက်တယ်လေ"

"ဟုတ်ပါ့လေဗျာ"

"တချို့မိန်းမတွေလည်း ဆင်းရဲတဲ့ အိမ်ရှင်မမှာလည်း သူ့အလျောက်သူပဲ။ ချမ်းသာတဲ့ အိမ်ရှင်မမှာလည်း ဝမ်းစာအတွက် မပူရပေမယ့် လင့်ပြဿနာ၊ သားသမီးအပူ၊ ယောက္ခမနဲ့ မသင့်မတင့်ကိစ္စတွေ စုပေါင်းပြီး ရောဂါရယ်လို့ မဟုတ်ဘူး။ တဖြည်းဖြည်း ယိုင်လာတာပဲ။ ကျွန်တော့်လူနာတွေတော့ တချို့ အမျိုးသမီးတွေကို ဘာဆေးမှမကုဘဲ သူတို့လင်တွေကို တစ်ဖက်ခေါ်ပြောပြီး အိမ်ဆိုတဲ့ အနှောင်အဖွဲ့ကြီးက ခဏ ကင်းလွတ်ထားပြီး နားခိုင်းလိုက်တာပဲ"

"မှန်ပါတယ် ... မှန်ပါတယ်"

"ချမ်းသာတဲ့ လူကတော့ ဘာအရေးလဲ။ တခြား တစ်မြို့တစ်ရွာသွားလည်း ပရိုက်ဗိတ် ပိုက်ဆံခန်းမှာ တစ်လလောက် နားလိုက်ရင် အတော့်ကို သက်သာတာ။ အများအခန်းမှာ တခြားလူနာနဲ့ အတူရောနေရတဲ့ နာလန်ထတွေကျတော့ အနားယူရမယ့်သူက ဘယ်လောက်ပဲ ဆေးရုံ

mgyoe.com


က အပြုအစုကောင်းတယ်ထားဦး၊ ညဘက် ကိုယ်က အိပ်ချင်နေတဲ့အချိန်၊ ဘေးက လူနာက ထအော်တာ ကြည့်မလား၊ သည်းနေတဲ့ လူနာ၊ သေသွားတဲ့ လူနာတွေ ကြည့်မလား၊ အဲဒီလို အနိဋ္ဌာရုံ ပတ်ဝန်းကျင်မြင်ပြီး မရှိတဲ့ ရောဂါတွေတောင် ဝင်လာတတ်တယ်။ ကျွန်တော်သာ တတ်နိုင်ရင်လေ နာလန်ထ လူနာစခန်းဆိုပြီး အာရောဂျံလို ရွာလေးတစ်ရွာ ထောင်ထားချင်တယ်ဗျာ။ အလကားတော့ မဟုတ်ဘူး။ ဝင်ငွေအပေါ်တည်ပြီး နှုန်းသတ်မှတ်ထားပေါ့။ အိမ်လေးတွေကလည်း ခပ်ဝေးဝေးဆိုတော့ ကိုယ်ကြိုက်တဲ့ ပုံစံနဲ့ ကိုယ်နားပေါ့လေ"

"အခမဲ့ဆိုရင် ပိုမကောင်းဘူးလား"

"ပရိသတ်က အခမဲ့ဆိုရင် ဘာမှ လေးစားတာမဟုတ်ဘူး ခင်ဗျ။ ပြီးတော့လည်း အစစ အစိုးရက လုံးဝ တာဝန်ယူနိုင်တဲ့အချိန် မဟုတ်သေး ခင်မှာ လူမှုဝန်ထမ်းဌာနအနေနဲ့ တစ်ပြားမှ မတတ်နိုင်တဲ့ လူနာအပေါ်မှာ တော့ ကူညီနိုင်သလောက် ကူညီ၊ ကျန်တာကတော့ အခကြေးငွေနဲ့ကို ယူပြီး အနားယူစခန်းတွေမှာ နေခွင့်ပြုသင့်တယ်။ ရောဂါအလျောက်ပေါ့။ တချို့ရောဂါက တောင်ကုန်းမြင့် တောင်ပေါ်စခန်းတွေနဲ့ သင့်တယ်။ တချို့က ပင်လယ်ကမ်းခြေနဲ့ သင့်တယ်။ သင့်သလိုပေါ့ဗျာ။ ဝင်ငွေအပေါ် မူတည်လုပ်တော့ စာရေးကြီးရော၊ မုန့်ပျားသလက်သည်ရော နားနိုင်တာ ပေါ့"

သခင်လှဦးက ဟက်ဟက်ပက်ပက် ရယ်၏။ ဘာကို သဘောကျသည်မသိပေ။

"ခင်ဗျားတို့လို နိုင်ငံရေးသမားမဟုတ်တော့ ကျွန်တော့် စကားလုံးက ရယ်စရာ ဖြစ်နေလို့လား"

"မဟုတ်ပါဘူး။ ကျွန်တော်လည်း ရောဂါ သိပ်သည်းနေတုန်းက ဒီလိုပဲ တွေးမိတယ်။ ခုလည်း တွေးမိတယ်။ တကယ် နားလို့မှ နားစရာ ဆိုတာ တယ်ရှားတယ်နော်"

"လူတန်းစားဆိုတာကိုတော့ ခွဲခြမ်းစိတ်ဖြာပြီး ကျွန်တော် မပြောချင်ဘူး။ ဒါပေမဲ့ အလွှာအသီးသီးမှာ ကျွန်တော် သနားတဲ့ လူတန်းစား တစ်ရပ်ရှိတယ်ဗျာ"

ဒေါက်တာ မင်းရွှေခံက ပြောလိုက်၏။

mgyoe.com

"ဘယ်သူတွေလဲ"

"စာရေးကြီးတွေလေဗျာ။ ကျွန်တော် ငယ်ငယ်က ဖေဖေ ခဏခဏ ကြိမ်းတယ်။ မင်းဟာ စာရေးကြီးပုံစံ ဘာမှ မတီထွင်တတ်ဘူးနဲ့ အကြိမ်း ခံရတယ်။ ကျွန်တော် ဆရာဝန်ဖြစ်လာတော့ လူနာတွေထဲမှာ စာရေးကြီး တွေ ပါပါလာတတ်တယ်။ ကျွန်တော်ဖြင့် သူတို့ဘဝ လေ့လာရင်းက တယ် စိတ်ညစ်တယ်။ အောက်တန်းစာရေးက အထက်တန်းဖြစ်၊ အလွန်ဆုံး ရုံးအုပ်ပေါ့။ သက်တန်းစေ့တော့ ပင်စင်ယူ၊ မလောက်မင ပင်စင်လစာ လေးနဲ့ အသက်လည်း ရှည်ရှည်မနေရဘူး။ ဘယ်ဌာနဖြစ်ဖြစ် သူတို့မရှိရင် အလုပ်ခွင် ယန္တရားက မလည်နိုင်ဘူး။ ရုံးမှာ အထက်က အော်သရွေ့ ဖိုင်လေးတွေ ပိုက်ပိုက်ပြီး ခါးလေးတွေ ကုန်းကုန်းကုန်းကုန်းနဲ့ ပြေးလိုက် ကြရတာ သေသည်အထိဆိုပါတော့။ ကျွန်တော်ကုတဲ့ စာရေးကြီး မိသားစု တစ်အိမ်ထောင်မှာဖြင့် ရောဂါပျောက်ပြီး နာလန်ထအချိန်မှာ နားဖို့လိုရင် ကျွန်တော်လေ ကြားထဲက သိပ် အသက်ရှူရ ကြပ်တာပဲ။ ဘာဖြစ်လို့လဲဆို ရင် နေရတဲ့အိမ်က နားဖို့ကောင်းဖို့နေနေသာသာ မထွက်သေးတဲ့ အသက် တောင် ထွက်ပစ်လိုက်ချင်တယ်။ ခုတော့ တခြားရုံးတွေမပြောနဲ့ နယ်မှာ ကျွန်တော် အေအက်(စ်)အဖြစ် နေရတဲ့အခါ ဆေးရုံက ရုံးစာရေးကြီးများ တွေ့ရင် အပြစ်ရှိတောင် သူတို့ကို ကျွန်တော် မဆူချင်ဘူး၊ မအော်ချင်တော့ ဘူး။ ဖေဖေပြောတဲ့ တီထွင်တတ်တာ၊ မတီထွင်တတ်တာတွေ ဘေးချိတ် ပြီး သူတို့ကို တတ်နိုင်သလောက် စာနာပြီး ကူညီရတယ်။ ရုံးစာရေး တစ်ယောက်က ပြောပြဖူးတယ်။ နေမကောင်းနေတုန်းဆို အိမ်ခလောက် အိမ်ဆွဲလည်းမကလို့ ဘာဖြစ်ဖြစ် ကိုယ့်ရင်သွေးအော်သံတောင် ကိုယ် မကြားချင်ဘူးတဲ့"

"ဟုတ်မှာဗျ ... ကျွန်တော်လည်း ဆေးရုံကဆင်းရင် နားဖို့ စိတ်ကူး လျက်ပါပဲ။ အမေနဲ့လည်း တိုင်ပင်ဦးမယ်။ စာရေးကြီးမပြောပါနဲ့ဗျာ။ ကျွန်တော်တောင် ဘယ်မှာ အနားယူရမယ်ဆိုတာ စဉ်းစားရဦးမယ်၊ ပြင် ဆင်ရဦးမယ်။ ကိုယ့်ဘက်က ကိုယ်လျှောက်လဲရရင် လုပ်ဟ လုပ်ဟနဲ့ ရှိသမျှ စည်းစိမ်စွန့်လွှတ်ပြီး တကယ် စွန့်စားလုပ်ခဲ့ရတာလည်း ဒီနိုင်ငံ ရေးသမားပဲ။ အာဏာရချိန် အခွင့်အရေးယူတတ်တဲ့ နိုင်ငံရေးသမားတချို့ ကြောင့် နာမည်ပျက်ရတာလည်း ဒီ နိုင်ငံရေးသမားပဲ။ အခု တချို့သူတွေ

mgyee.com

mgyoe.com

မှာ ခေတ်အဆက်ဆက် ကျွန်တော် ဘယ်လိုပါခဲ့ပါတယ်ရယ်လို့ စာမဖွဲ့တတ်၊ မထုတ်ဖော်တတ်လို့ သေသည်အထိ ငတ်တစ်လှည့်၊ ပြတ်တစ်လှည့်နဲ့ သေရတာလည်း ဒီနိုင်ငံရေးသမားပဲ။ ဒါပေမဲ့ ဝမ်းနည်းစရာ မရှိပါဘူး။ အခု ခင်ဗျားပြောသလိုပဲ ကိုယ့်ရည်ရွယ်ချက်နဲ့ ကိုယ် ဦးတည်ဆောင်ရွက်ခဲ့တာနဲ့ မှန်းခြေမပေါက်လေတော့ ခင်ဗျားပြောတဲ့ ဝေဒနာ ကျွန်တော် ခံစားနေရတာပဲ။ အခု တိုင်းပြည်လွတ်လပ်ရေးရတာ ဆယ်နှစ်နီးပါး ရှိနေပေမယ့် ကျွန်တော့်မှာတော့ နားစရာ အိမ်တစ်လုံးတောင် အခြေချဖို့ မရှိဘူး။ အမေ့ကိုလည်း လူမှန်းသိတတ်ကတည်းက ပစ်ခွာပြီး ငါတို့တိုင်းပြည်ကြီး ချမ်းသာ ဝပြောရင် အမေလည်း ပါလာမှာပဲဆိုတဲ့ ခံယူချက်နဲ့ လုပ်လိုက်တာ။ ခု နှလုံးရောဂါရလို့ ဆေးရုံပေါ်ရောက်နေတော့ ဈေးဗန်းခေါင်းပေါ်ရွက်စားနေတဲ့ အမေကပဲ ကျွန်တော့်ကို လာပြုစုနေရတယ်။ အဲဒီတော့လည်း အမေ့အိမ်မှာ ရောဂါသည်အနေနဲ့ ပြန်ပြီး မနားချင်ဘူး"

"ကျွန်တော် အခြေအနေအရပ်ရပ်ကို နားလည်ပါတယ်။ သခင်လှဦး အနားယူဖို့တော့ ဖေဖေနဲ့ ကျွန်တော် စီစဉ်ပေးမယ်။ ဖေဖေရယ် ကျောက်ဖြူအိမ်ကြီးမှာ တစ်ယောက်တည်း၊ ကျွန်တော်ကလည်း သူနဲ့ အတူမနေနိုင်၊ မေမေကလည်း ဆုံးသွားတာ ကြာပြီ။ ဖေဖေဟာ ၆၀ ကျော် ၇၀ တွင်းဆိုပေမယ့် သူ့စိတ်ကို သက်သောင့်သက်သာဖြစ်အောင် နေတတ်တယ်။ ခင်ဗျားနဲ့ အတူနေဖို့ သဘောကျပါလိမ့်မယ်။ ဖေဖေနဲ့ ကျွန်တော် ဟော ... ဟော"

ဒေါက်တာ မင်းရွှေဖံသည် စကားကို မဆက်နိုင်ဘဲ အခန်းအဝသို့ လက်ညှိုးထိုးကာ ပြလိုက်သဖြင့် သခင်လှဦးသည် လှမ်း၍ကြည့်လိုက်၏။ သခင်လှဦးမျက်နှာသည် ဝင်းထိန်သွား၏။

"ဟာ ... ခင်မေဆက်တို့ပါလား။ လာ ... လာ ... ထိုင်"

မင်းရွှေဖံသည် အံ့သြသွား၏။ ဟိုနေရာသွားလည်း ခင်မေဆက်၊ ဒီနေရာသွားလည်း ခင်မေဆက်။ သူ၏အိမ်ရှင် ဒေါ်ခင်မေဆက်သည် ဘယ်လိုမိန်းမစားမျိုးပါလဲ။ သခင်လှဦး လှိုက်လှိုက်လှဲလှဲ ကြိုဆိုသည်ကို ဦးညွှတ်၍ပြုံးကာ ဒေါ်ခင်မေဆက်သည် သူတို့အနား ရောက်လာ၏။ ရှင်မင်းထွေးသည် ထိုစဉ်က အထက်တန်းစားများသာ ဓာတ်စာအဖြစ် သုံးနိုင်သော သြစတြေးလျမှ ပန်းသီး ၅ လုံး၊ နီညိုရောင် စပျစ်သီး

mgyoe.com

mgyoe.com

အစိတ်သားခန့်ကို နုနုစိတ်စိတ်လေး ထိုးထားသော ကြိမ်ခြင်းလေးနှင့် ထည့်၍ကိုင်ကာ ဒေါ်ခင်မေဆက်နှင့်အတူ လိုက်လာ၏။

"ရော့ ... သခင်လှဦး စိတ်ကြည်အောင်လို့ မေကိုယ်တိုင် စိုက်တဲ့ နှင်းဆီအဖြူနဲ့ အဝါ"

ဒေါ်ခင်မေဆက်သည် သူ့လက်ထဲမှ နှင်းဆီပန်းများကို သခင်လှဦး လက်ထဲသို့ ထည့်လိုက်၏။ သူတို့အနားပတ်ဝန်းကျင်တွင် နှင်းဆီပန်း ရနံ့သည် သင်းပျံ့၍နေသည်။

"လက်စသတ်တော့ သခင်လှဦးက ဒေါက်တာမင်းရွှေဇံရဲ့ လူနာ ကိုး"

ဒေါ်ခင်မေဆက်သည် မင်းရွှေဇံအား ပြုံး၍ နှုတ်ဆက်လိုက်၏။

"ကျေးဇူးတင်လိုက်တာ ခင်မေဆက်၊ ဒေါက်တာကလည်း ခင်မေ ဆက်ရဲ့ မိတ်ဆွေပဲလား"

"အို ... မေတို့အိမ်ကြီးကို ဒေါက်တာ ငှားနေတာပဲ"

"သြော် ... စကားမစပ်မိကြဘူး ခင်မေဆက်"

"ကဲ ... စကားပြောရစ်ကြပါဦး။ ညကျမှ ကျွန်တော့်လူနာကို တစ်ခေါက်လောက် လာကြည့်ဦးမယ်။ စိတ်မချသေးဘူး၊ ပြန်ခွင့်ပြုပါဦး အန်တီမေ"

ရှင်မင်းထွေးဘက်သို့လှည့်ကာ ...

"ဆရာ ပြန်ဦးမယ် ရှင်မင်းထွေး"

ဒေါက်တာ မင်းရွှေဇံသည် အားလုံးအား နှုတ်ဆက်၍ ပြန်လာခဲ့ ၏။

သူ့ခေါင်းထဲတွင် ဒေါ်ခင်မေဆက်သည် လွှမ်းမိုးနေ၏။ တစ်နေ့က ဒေါ်ခင်မေဆက်အား သတ်ရန်လာသော သူငယ်လေးကိစ္စကလည်း ဘယ်လို ပြီးပြတ်သွားသည်မသိ။ ဦးကျိုးမြိုင်က ပွင့်ပွင့်လင်းလင်း ပြော ကြားချင်ပုံမရ၍ သူသည် မမေးတော့။ ဒေါက်တာအုန်းမောင် ခရီးရှည် ထွက်သွားပြီဖြစ်၍ နှစ်ယောက် မဆုံမိကြသေးပေ။ ရှင်မင်းထွေးထံမှ ဖြစ်စေ၊ သခင်လှဦးထံမှဖြစ်စေ တစ်နေ့နေ့တော့ သူ့နှလုံးသားအား လွှမ်းမိုးနေ သော ဤအမျိုးသမီးကြီး၏အကြောင်းမှာ ရှင်းလင်းသွားတန်ကောင်းပါရဲ့။

နောက်တစ်ပတ်အတွင်းတွင် သူ၏ စိုးရိမ်ရသော လူနာ မောင်ထွန်း

mgyoe.com


ဖေမှာ စိတ်ချလောက်သော အခြေအနေရှိပြီဖြစ်၍ "မထင်ခန်း" ဆိုသော စိတ်မချရသည့် လူနာများ ထားသည့်အခန်းမှ အပြင်ထုတ်ကာ ၁၃–၁၄ အခန်းသို့ ပြောင်းရွှေ့ထားလိုက်ရသည်။ သူနာသည် ငယ်ရွယ်၍ ရောဂါကျသွားသည့်အခါတွင် အားအတက်မြန်၍လာလေသည်။ အစာကို အဆီများသော ဝက်သားလို အစာမှလွဲ၍ အခြားအစာများကို စားသောက်နိုင်သည်။

နောက်ထပ် ဒေါ်ခင်မေဆက် လူနာလာမေးသည်ကို မတွေ့ရသော်လည်း တစ်ပတ်တစ်ခါ သခင်လှဦးထံသို့ သင့်လျော်သော ကွဲကောသီး၊ ပန်းသီး စသော သစ်သီးဓာတ်စာများကို အပို့လွှတ်သည်ဟု သိရသည်။ နှစ်ပတ်မြောက်သောနေ့တွင်မူ သူ ရောက်လာချိန်တွင် သခင်လှဦးအား ခုတင်ပေါ်တွင် မတွေ့ရဘဲ ရွှေ့ပြောင်းထားသော သူ၏လူနာ မောင်ထွန်းဖေ၏ အပါးတွင် ကွဲကောသီးနွှာပြီးသားများကို ထိုင်ကျွေးနေသည်ကို တွေ့ရ၏။

"ဟောဗျ ... မိတ်ဆွေဖြစ်နေကြပြီကိုး"

ဒေါက်တာမင်းရွှေဇံက ပြောလိုက်၏။

"ဖြစ်ဆို ... သူတို့ကလည်း ခင်မေဆက်အမျိုးတွေလေ"

သခင်လှဦးက ပြန်၍ဖြေ၏။

"အို ... သူနဲ့အမျိုးတော်တယ်လို့ မပြောပါနဲ့။ ကိုယ့်ဝင်းတံခါး ကိုယ်ပိတ်ပြီး သော့ခတ်နေတဲ့သူနဲ့ ကျွန်မတို့လည်း အမျိုးတော်စရာ မလိုပါဘူး"

လူနာ၏ မိန်းမသည် မျက်နှာထား တင်းတင်းနှင့် နှုတ်ခမ်းစူကာ ခပ်ဆောင့်ဆောင့် ပြောလိုက်၏။

"ညွန့်ညွန့် ဆက်ကျွေးလိုက်ပေတော့။ ငါ ... ဒေါက်တာ မင်းရွှေဇံကို ဒီနေ့ သွေးစစ်တဲ့စာရွက် ပြန်ရလာလို့ ပြရဦးမယ်"

သခင်လှဦးသည် စူစူအောင့်အောင့် စကားပြောလိုက်သော လူနာ၏ မိန်းမလက်သို့ ကွဲကောသီးပန်းကန်အပ်ခဲ့ကာ သူ့ခုတင်သို့ ပြန်လျှောက်သွား၏။ ဒေါက်တာ မင်းရွှေဇံကသာ စကားပြော ကျန်ရစ်၏။

"ညွန့်ညွန့်ယောကျ်ားနဲ့ ကွဲကောသီး သိပ်တည့်တာပဲ။ နေ့လယ်ပိုင်းဆိုရင်လည်း ရှောက်သီးတို့၊ သံပုရာသီးတို့ကို အရည်ညှစ်ပြီး ဂလူး

mgyoe.com

mgyoe.com

ကို့စ်နဲ့တိုက် သိလား။ လိုအပ်တာရှိရင် ဆရာ့ကိုပြော။ ကျွဲကောသီးကတော့ သခင်လှဦးဆီက ကောင်းကောင်းရနိုင်ပါတယ်။ ဒေါ်ခင်မေဆက်က အမြဲ လိုလို ပို့နေတာ"

ညွန့်ညွန့်၏မျက်နှာထားမှာ သိသိသာသာ ပျက်သွား၍ မောင်ထွန်းဖေ၏ မျက်နှာမှာမူ ကျွဲကောသီးကိုဝါးရင်း အံ့ဩနေပုံရလေသည်။

သခင်လှဦးသည် သူ့ခုတင်ရှိရာသို့ ပြန်သွားပြီး မနက်က သူနာပြု ဆရာမလေး ပေးသွားသည့် သွေးစစ်စာရွက်အဖြေကို ပြလိုက်၏။

"သွေးနီဥရဲ့ ရာခိုင်နှုန်းကလည်း မူလ လူကောင်းတစ်ယောက် ရှိသင့်တဲ့ ရာနှုန်းအပြည့်နီးနီး တိုးလာပြီး သွေးချိန်လည်း တစ်ရာကျော် လာတော့ ဝမ်းသာစရာပဲ။ ခါတိုင်းဆို ၁၀၀ ကို တစ်ခါမှ မပြည့်ဘူး။ သွေးတိုးရှိသူက ဖြစ်လာရင် မြန်မြန်သေတတ်တယ်။ ခင်ဗျားတို့က သွေး အားနည်း၊ သွေးချိန်ကလည်း လျော့တော့ စိုးရိမ်စရာရှိပေမယ့် မြန်မြန် မသေဘူး"

"တလှုပ်လှုပ်နဲ့ သေရမှာလား"

"အို သခင်လှဦးကလည်း ... ခင်ဗျား မသေတော့ဘူး။ စိတ်ချ၊ မသေတော့ဘူး။ ကျွန်တော့်ဆရာဝန်ကြီး ဦးအေးကိုလည်း ခင်ဗျားရောဂါ ကို တင်ပြပြီး ဆွေးနွေးကြတယ်။ တစ်လလောက်တော့ နေလက်စနဲ့ ဆက်နေပါဗျာ။ ဆရာဝန်ကြီးက ပြောတယ် ... နိုင်ငံခြားကိုသွားကုတဲ့ လူတွေ ရောဂါသက်သာမြန်တာက အကြောင်းတစ်ခုရှိတယ်တဲ့။ ဟိုရောက် သွားတဲ့ လူနာတွေဟာ ကိုယ့်အိမ်ပြန်ချင်ဇောနဲ့ ဆေးရုံရဲ့ စည်းကမ်းကို ရော၊ ဆရာဝန်စကားကိုရော အတိအကျ လိုက်နာတယ်တဲ့။ ဒီမှာတော့ ဆရာဝန်ရဲ့ စကားကို နားမထောင်၊ ထင်သလိုနေတတ်တဲ့ အကျင့်ရှိတယ် တဲ့"

သခင်လှဦးသည် အားရပါးရ ရယ်လိုက်၏။

"အေးဗျာ ... ခင်ဗျားတို့စကားကို နားထောင်ပါ့မယ်"

ဒေါက်တာ မင်းရွှေဖုံသည် မောင်ထွန်းဖေရှိရာ ခုတင်သို့ လက်ညှိုး ထိုးပြ၏။

"မောင်ထွန်းဖေ ရောဂါဆို ကျွန်တော်ဟာ အပြင်လူနာအဖြစ် ကုနေ တာ ၅၂နှစ်က စလာတာပဲ။ ၅၂နှစ်က သေနိုင်တဲ့ ရောဂါမဟုတ်ဘူး။

mgyoe.com

mgyoe.com


ဝက်သား အစားများတာနဲ့ ဆေးရုံတင်ရတဲ့ဘဝ ရောက်ရတာ။ ကံကောင်းလို့ မသေတာ။ ရောဂါက မသေပေမယ့် အစားမတတ်၊ အနေမတတ်တာနဲ့ သေရတာတွေ တယ်ခက်တယ်။ ဒါနဲ့ နေဦး ... ကျွန်တော်ကလည်း စပ်စုတတ်တယ်။ အဲဒီ ညွှန့်ညွှန့်က ဆင်မလိုက်က ဝက်သားသည်တွေဆီက ဝက်သား လက်လီယူပြီး မုန့်လက်ဆောင်းကုန်းတို့လို ရပ်ကွက်တွေဆီမှာ ခေါင်းရွက်ဈေးသည်လုပ်နေတယ်။ သူ့ယောကျ်ား မောင်ထွန်းဖေက အလုပ်မရှိဘူး။ ဒါတွေ ဒေါ်ခင်မေဆက် မသိလို့ထင်တယ်၊ သိရင် သူ ဓာတ်စာလေးဘာလေး ပို့ပေးမယ်လို့ ကျွန်တော်ထင်တယ်"

မင်းရွှေဖံသည် အသံနှိမ့်၍ တိုးတိုးလေး ပြောလိုက်၏။ မောင်ထွန်းဖေ ခုတင်နှင့် သခင်လှဦး ခုတင်မှာ အခန်းဝနှင့် ထိပ်ဆုံးခုတင်ဖြစ်၍ သူတို့စကားများကို မောင်ထွန်းဖေတို့ ခုတင်မှ မကြားနိုင်ပေ။ သခင်လှဦးသည် သက်ပြင်းလေးချရင်း ခပ်တိုးတိုးပင် ပြောပြ၏။

"ခင်မေဆက်ဟာ ကျွန်တော့်ထက် ၁၀ နှစ်လောက် ငယ်မယ်။ ဒီမှာတော့ သူ့ဂုဏ်သရေလိုက်ပြီး ဒေါ်တတ်ခေါ်နေကြတာ။ ကျွန်တော်တို့မြောင်းမြမှာတော့ ဂျပန်သတ်လို့ သေသွားတဲ့ သခင်သောင်းစိန်တို့ကအစ သူတို့ညီအစ်မကို ကောင်မလေးတွေပဲ ခေါ်တယ်။ သူတို့အဖေကြီး ဦးဆက်နဲ့လည်း ကျွန်တော်တို့ ရင်းနှီးပါတယ်။ နောက်မှ သူတို့အကြောင်း ပြောကြတာပေါ့။ ဟိုဒင်းလေ ... ကျွန်တော် တစ်ခုပြောချင်တာကတော့ မင်းရွှေဖံလည်း ကြားဖူးမှာပေါ့၊ ဟိုပုံတစ်ပုံ"

"ဘာလဲဟင်"

မင်းရွှေဖံသည် သခင်လှဦးရှေ့ရှိ ခုံလေးထောင့်ပေါ်တွင် ထိုင်လိုက်၏။

"ရဟန်းတစ်ပါးဟာ အိန္ဒြေ သိက္ခာရှိစွာနဲ့ လမ်းလျှောက်ပြီး ဆွမ်းခံကြွတာကို ဘုရင်ကြီးက လေသာပြတင်းက လှမ်းမြင်တယ်။ ရဟန်းတို့ အိန္ဒြေနဲ့ ပြည့်စုံပါပေတယ်ဆိုပြီး သဒ္ဓါစိတ်က အလွန်ထက်သန်လာပြီး သူ ပွဲတော်တည်မယ့်ဆဲဆဲ ဆွမ်းဦးကို ယူပြီး ပညာရှိအမတ်ကို လောင်းခိုင်းတယ်။ ဒီကိုယ်တော် ဘယ်ထိကြွသွားသလဲဆိုတာလည်း လိုက်ကြည့်ခိုင်းတယ်လေ။ ပညာရှိအမတ်လည်း ဆွမ်းလောင်းလိုက်ပြီး ရဟန်းရဲ့နောက် ခပ်လှမ်းလှမ်းကနေ လိုက်တယ်လေ။ ရဟန်းဟာ သူ့လမ်းအတိုင်း

mgyoe.com

ကြွသွားပြီး မြို့ပြင်က ဇရပ်တစ်ဆောင်ပေါ်ကို တက်သွားပြီး ဇရပ်ပေါ်မှာ ထိုင်နေတဲ့ မိန်းမတစ်ဦးကို သူယူလာတဲ့ သပိတ်ကို လှမ်းပေးတယ်။ အပေါ် ရုံ သင်္ကန်းကိုလည်း ချွတ်လိုက်တယ်။ ပညာရှိအမတ်က တွေးတယ်။ ဒီအတိုင်းသာ ပြန်လျှောက်ထားရင် ဘုရင်မင်းမြတ်ရဲ့ သဒ္ဓါစိတ်လည်း ပျက်မယ်၊ ရဟန်းအပေါ်လည်း အကြည်ညိုပျက်မယ်။ ဒီမိန်းမက ဘယ်သူ မှန်းလည်း ငါမသိ။ သည်တော့ သုံးဦးသုံးဖလှယ် အကျိုးမပျက်ရအောင် ငါ ကြည့်လုပ်မယ်ဆိုပြီး ပြန်သွားတယ်။ နန်းတော်ရောက်တော့ ရှင်ဘုရင် ကြီးကို လျှောက်ထားလိုက်တယ်။ 'ဘုရင်မင်းမြတ် ကျွန်တော်မျိုး ရဟန်း မြတ်နဲ့ မနီးမဝေးက နောက်ရောင်ခံပြီး လိုက်သွားပါတယ် ဘုရား။ မြို့ပြင် လည်းရောက်ရော ရဟန်းမြတ်ဟာ ကျွန်တော်မျိုး မျက်စိအောက်က ရဟန်း အသွင် ပျောက်သွားပါတယ်ဘုရား' လို့ လျှောက်ထားလိုက်တယ်။ အို... အင်မတန် တန်ခိုးကြီးတဲ့ ရဟန်းမြတ်ပဲ။ ဒီလို ကိုယ်ရောင်ဖျောက်နိုင်တာ ဟာ ရဟန္တာမြတ်များသာ စွမ်းနိုင်တယ်လို့ ဘုရင်ကြီးဟာ ပိုပြီး ဒါနအပေါ် ပီတိပွားသတဲ့။ အဲဒီလိုပေါ့ဗျာ ... သုံးဦးသုံးဖလှယ် အကျိုးရှိဖို့ အရေးကြီး ပါတယ်။ ပုံပမာ အခိုင်းအနှိုင်း လွဲချင်တော့ လွဲမယ်။ ကျွန်တော့်ကို သဒ္ဓါ စိတ်နဲ့ ပေးလိုက်တဲ့ ကျွဲကောသီး မောင်ထွန်းဖေလည်း စားရ၊ ရောဂါ လည်း သက်သာ၊ ဒီအဖြေရဖို့ပဲ အရေးကြီးပါတယ်ဗျာ။ ခင်မေဆက် ထားရှိတဲ့ သဒ္ဓါစိတ်စေတနာက ကျွန်တော့်အပေါ်ထားရှိတဲ့စိတ်မျိုး မောင်ထွန်းဖေတို့အပေါ် ထားနိုင်ပါလိမ့်မယ်လို့ ခင်ဗျားပြောနိုင်မလား။ သူတို့ဆွေရေးမျိုးရေးကိစ္စ အသေးစိတ်လည်း ကျွန်တော် ဘယ်သိနိုင်ပါ့ မလဲ"

"အေးဗျာ ကျွန်တော် နားလည်ပြီ၊ ကျွန်တော် နားလည်ပြီ။ သခင် လှဦး ... ဒါကြောင့်လည်း နိုင်ငံရေးသမား လူတော်တစ်ယောက်အဖြစ် မြောင်းမြဒိစတြိတ်မှာ နာမည်ကျော်ခဲ့တာပဲ။ ခင်ဗျားနဲ့တွေ့ရတာ ကျွန်တော် ကျေးဇူးအများကြီးရှိပါတယ်။ ကဲ ... သွားဦးမယ်"

သူသည် အိမ်သို့ ပြန်လာခဲ့၏။ နောက်အပတ်ထဲတွင် မောင်ထွန်း ဖေသည် ဆေးရုံမှ ဆင်းခွင့်ရ၏။ အပြင်လူနာအဖြစ် မင်းရွှေဇံသည် ဆေးတိုက်တွင်တော့ သူ့အား ဆက်လက်၍ ဆေးကုသပေးလျက်ရှိသည်။ သခင်လှဦးတစ်ယောက်သာ ဆက်လက်၍ ဆေးရုံကြီးတွင် ကျန်ရစ်နေ

mgyoe.com

ပေသည်။

မောင်ထွန်းဖေတို့လင်မယားနှစ်ယောက်ကိစ္စကိုမူ သူတို့နှစ်ယောက် စကားမစပ်မိတော့ပေ။ ရှင်မင်းထွေးကိုလည်း လူကိုယ်တိုင် မတွေ့ဖြစ် သေး။ သခင်လှဦးထံသို့ သစ်သီးဓာတ်စာများကို လာပို့သူမှာ ဒေါ်ခင်မေ ဆက်၏ ကားမောင်းသမား ဒီဗန်းဖြစ်သည်။

ရာသီဥတုမှာ ပူပြင်းခြောက်သွေ့လာသည်။ ကဆုန်လ၏ ပထမ ပတ်ဖြစ်၏။

နွေဦးမယ်သည် ဝင်ရောက်လာစတွင်မူ မြခါးစည်းကြိုးတွင် သဇ္ဖာ ပွင့်များ စီချယ်ထား၍ တိမ်းနွဲ့တိမ်းပါးနှင့် သူလာဟန်သည် သိမ်မွေ့ပါ ပေ၏။ လေညှင်းသွေးတိုင်း နုသစ်လှသော မြ၏ အစိမ်း၊ သဇ္ဖာ၏ အနီ သွေးများမှ ခါးရမ်းကြိုးမှာ ဖွာလွင့်ပျံ့ကြဲ၍ သစ်ကိုင်းများပေါ်တွင် တင် ရစ်၏။ နွေနတ်သမီး၏ မြစိမ်းရောင်ပုဝါနုသည် မြေလွှာကို ထိတွေ့ စိုးမိုး နေသော နေမင်းရာဇာ၏ တိုက်ရိုက်အပူရှိန်ကို ခံသာအောင် အလယ်က တားဆီးထားသည်။

နွေနတ်မယ်သည် တဖြည်းဖြည်း အိုလာလေလေ မြခါးရမ်းကြိုးမှ ကျောက်စိမ်းပွင့်ခက်များ လွင့်စင် ပျောက်ပျက်ကုန်ကြသည်။ နွေပူရှိန်ကို ကာကွယ်ထားသော မြပုဝါသည်လည်း စုတ်ပြတ် ရိနွမ်း၍လာသည်။ အလှ လျော့ပါးလာသော နွေနတ်မယ် ပတ်ဝန်းကျင်တွင် သစ်ကိုင်းခြောက် အိုအို ကြီးများသာ ခစားလျက် ကျန်ရစ်တော့သည်။ နေမင်းရာဇာ၏ အပူဒဏ် သည် ယခုတော့ မြေကို တိုက်ရိုက် ထိတွေ့၍ လာပေပြီ။ မြေလွှာသား သည် ပူအိုက်လွန်း၍ ကွဲအက်၍လာသည်။ မြေလွှာ၏ သားမြေးများဖြစ် သော သစ်ပင်များသည် သူတို့၏ ဖြူဆွတ်လှသော ခြေဖဝါးနုနုလေးများ ကို ရေဖြင့် သွန်းလောင်း ဆေးကြောလိုလှ၍ မြေလွှာပေါ်တွင် သွန်ကျလာ မည့် မိုးရေစက်များကို မျှော်လင့်ရပြန်သည်။

"အစကတော့ သူ လှပေသားပဲ"

ဟူ၍သာ နွေဦးတေးကို ဆိုခဲ့သော သီချင်းသည် မောင်ဥသြက ပြော၏။ သူ၏အသံသည်ပင် မောဟိုက်တုန်ရီ၍ လာခဲ့ပြီ။ မကြာမီပင် နွေဦးမယ်နှင့်အတူ သူတို့သည် သတ္တလောကမှ ပြောင်းရွှေ့သွားရပေတော့ မည်။

mgyoe.com

mgyoe.com

"အချိန်တန်တော့လည်း သွားရမှာပဲလေ"ဟု ပြောင်းရွေ့ရန် ပြင်ရင်း ဆင်ရင်းမှ သစ်ကိုင်းအိုများက တီးတိုးရေရွတ်ကြ၏။

"ကျုပ်တို့ရောက်စက နွေဦးကို အလှဆင်ခဲ့ပါသေးတယ်"ဟု တချို့ သစ်ကိုင်းအိုများက သူတို့လုပ်ခဲ့သော အလုပ်အပေါ်တွင် ပြန်လည်သုံးသပ်ဟန်ကို ပညာရှိဆန်ဆန် ပြောကြသည်။

ရေအိုးလေးများ ကိုယ်စီရွက်လာသော လူ၏ သမီးအစစ် ရင်နှစ်များကို မြင်ရသော သစ်ပင်များကမူ မိုးဦး၏ ရှေ့တော်ပြေး ကညာပျိုများသဖွယ် ဆီးကြိုကြသည်။ ဗုဒ္ဓဟေ ရွှေညောင်ပင်သော်မှ မြသစ်ရွက် အရောင်မှိန်သောအခါ ရေကို တောင့်တရပါ၏။ ညောင်ရေသွန်းချိန် နီးလာပေပြီ။

မင်းရွှေဖဲ၏ အိမ်ရှေ့မြက်ခင်းမှာမူ ဦးကျီးမြိုင် လက်စွမ်းကြောင့် မြရောင်မြက်တို့ဖြင့် မြေသားကို ဖုံးလွှမ်းထားနိုင်၏။ မင်းရွှေဖဲသည် တနင်္ဂနွေပေါင်း မြောက်မြားစွာကို ဤအိမ်ကြီးမှာ ကုန်လွန်လာခဲ့သည်။ ယနေ့ တနင်္ဂနွေမှာမူ ရောက်စသူ မမေ့နိုင်ခဲ့သော တနင်္ဂနွေနေ့လို သူ့အဖို့ ထူးခြားနေသည်။

သူ၏ ဧည့်ခန်းတွင် ရှင်မင်းထွေးနှင့် ဆုံကြရခြင်းကြောင့် ဖြစ်၏။

"လာမယ်ဆိုရင် အထွေး ကြိုတင်ပြီး ဖုံးဆက်ထားရောပေါ့။ ကံကောင်းလို့ပဲ လူချင်းဆုံရတယ်။ တနင်္ဂနွေနေ့တိုင်း အားတယ်ဆိုပေမယ့် ကိုယ့်လူနာ ကိုယ်စိတ်မချရင် ကျွန်တော်က မြို့ထဲသွားတတ်တယ်"

ရှင်မင်းထွေးကို ဧည့်ခံရင်း သူက ပြောပြ၏။

"ဩော် ... ကြိုတင်အကြောင်းမကြားမိတာ ခွင့်လွှတ်ပါနော်။ ဒေါက်တာ အထွေးကို ခွင့်ပြုရုံပါပဲ။ အပေါ် ခန်းမထဲမှာ ပစ္စည်းတွေ ယူစရာရှိလို့ အထွေး လာတာပါ။ ပစ္စည်းတွေ ချပေးဖို့နဲ့ သယ်ဖို့ ဦးကျီးမြိုင်ရယ်၊ ဒီဗန်းရယ် ရှိရင် ပြီးတာပါပဲ"

အထွေးသည် ပြုံးပြုံးရွှင်ရွှင်ပင် ပေါ့ပါးသွက်လက်စွာ ပြောပြ၏။

"အထွေးသဘောအတိုင်းပေါ့။ ရောက်တဲ့အခါ အေးအေးဆေးဆေး နေပါ အထွေးရယ်။ ကျွန်တော်လည်း အထွေးလာလည်တော့ ပျော်တယ်လေ။ အထွေးတို့အိမ်ကိုလည်း ဒီအိမ်ကြီး ပြောင်းစ တနင်္ဂနွေနေ့ကလွဲလို့ ကျွန်တော် မရောက်တော့ဘူးနော်။ ကျွန်တော့်မှာတော့ တစ်ယောက်တည်း"

mgyoe.com

mgyoe.com

သူသည် သူ့စကားအဓိပ္ပာယ်ကို သူတစ်ယောက်တည်းသာ သိ၍ ရုတ်တရက် ပြောရင်း ကြောင်သွား၏။

"အထွေးလည်း လာလည်ချင်ပါတယ်။ ခုတလောမှာ ဆက်တိုက်လို လိုပဲ တခြားလူနာတစ်ယောက်ကြောင့် မအားဘူး။ ဒီနေ့လည်း မလာရင် ကို မဖြစ်လို့ လာရတာ။ အန်တီမေက ကဆုန်လပြည့်တိုင်း ဆွမ်းကျွေး တယ်။ သူ့မေမေဆုံးတဲ့နေ့လေ။ ခု ကဆုန်လပြည့်မှာ သံဃာ အပါး ၄၅ ပါး အိမ်မှာ ဆွမ်းကျွေးမယ်။ သူစိမ်းလူတွေလည်း မဖိတ်ဘူး၊ ဆွေမျိုးတွေ လည်း မဖိတ်ပါဘူး။ အဲဒါ စီစဉ်ရအောင် ဆရာမကြီး ဒေါ်မေဓာဝီဆီ သူ နေရစ်ခဲ့တယ်။ အထွေး ဒီကပြန်မှ မရမ်းကုန်းက သီလရှင်ဇရပ်ကို ဝင်ကြို မယ်။ အန်တီမေက မှာလိုက်တယ် ... လူစိမ်းဧည့်သည် မဖိတ်ဘူးဆိုပေ မယ့် ဝတ်လုံ ဦးမင်းဟန်ရယ်၊ ဒေါက်တာ မင်းရွှေဇံရယ်ကို ဖိတ်မယ်တဲ့။ အထွေး တစ်ခါတည်းဖိတ်ခဲ့ပါတဲ့။ ကဆုန်လပြည့်နေ့နော်။ ဆရာအားတယ် မို့လား"

"အားပါတယ် ... အရေးတကြီးလူနာမရှိရင် အချိန်မီ လာမယ်"

"ဆရာ ဘာလို့ ဆေးရုံဝင်းထဲမှာ ဆရာ့အတွက် ပေးတဲ့အိမ်မှာ မနေလဲ"

"လူနာအရေးကြီးရင် ကျွန်တော် ဆေးရုံမှာကို အိပ်စောင့်မယ်။ ကျန်တဲ့အချိန်မှာတော့ ခုလို ခပ်ဝေးဝေး တစ်ယောက်တည်း စိတ်လွတ် လက်လွတ် နေချင်တယ်"

"အန်တီမေနဲ့ တူလိုက်တာ။ သူလေ ... သီးသန့် အေးအေးလူလူ တစ်ယောက်တည်း နေတတ်တယ်။ သူ့ အထာကို မသိတဲ့လူတချို့က တော့ သူ့အမူအကျင့်ကို အပြစ်တင်တတ်တယ်။ အေးလေ ... သူ့အကြောင်း ကိုလည်း သူ့အဖေနီးနီး သူ့စိတ်ကို နားလည်တဲ့ ဝတ်လုံ ဦးမင်းဟန်နဲ့ ဒေါ်မေဓာဝီပဲ သိကြပါတယ်။ အထွေးတောင် ခုမှ တဖြည်းဖြည်း နားလည် တယ်"

မောင်သက်ဖေမှာ အထွေးအတွက် ပေါင်မုန့်ကြက်ဥကြော်နှင့် ကော်ဖီ ယူလာ၏။

"ကဲ ... စားဦး အထွေး။ တစ်နေ့နေ့တော့ အန်တီမေကို ဖိတ်ပြီး အထွေးနဲ့အတူ ထမင်းကျွေးရဦးမယ်"

mgyoe.com

mgyoe.com

ကော်ဖီပန်းကန်ကို အထွေးလက်သို့ လှမ်းပေးကာ ပေါ့ပါးသွက်လက်စွာ သူ ပြောပြနေ၏။

"ထမင်းကျွေးချင်ရင် ကြိုတင်ပြီး အန်တီမေကို ခွင့်တောင်းပေါ့။ တစ်ယောက်တည်းတော့ နေပါတယ်၊ ဒါပေမဲ့ သူ့မှာ ကိစ္စဝိစ္စက များသား"

"ဘယ်လိုလဲ ... ဘာအလုပ်တွေလဲဟင်။ ကျွန်တော့်ကို စပ်စုတယ် မထင်ပါနဲ့။ အန်တီမေကလေ လေးဖက်ကနေကြည့်ရင် ပုံစံလေးခု မြင်ရတဲ့ မိန်းမပျိုထင်ပါရဲ့နော်။ ကျွန်တော် အန်တီ့အပေါ် သိပ်လည်း စိတ်ဝင်စားတယ်၊ ဘယ်လိုနားလည်ရမှန်းလည်း မသိဘူး"

မင်းရွှေဖဲသည် ပွင့်ပွင့်လင်းလင်း ပြောတတ်သူပီပီ ပြောပြလိုက်၏။ ရှင်မင်းထွေးသည် ခေါင်းလေးညိတ်ကာ ညိတ်ကာ နားထောင်၏။

"ဟုတ်ပါတယ် ဆရာရယ် ... အထွေးတောင် အထင်လွဲတာ တစ်ခု ရှိတယ်။ ခုဏ အထွေးပြောတဲ့ လူနာ သရက်သီးသည်သမီးလေးကိစ္စ ဖြစ်လာမှ အထွေး သူ့ကို စိတ်ထဲက တောင်းပန်မိတယ်။ တစ်နေ့နေ့တော့ ပါးစပ်က ဖွင့်ပြီးကို တောင်းပန်ရဦးမယ်"

"ဘာဖြစ်လို့လဲ"

"အထွေးတို့ခြံနဲ့ ကပ်လျက်မှာ သရက်ခြံတစ်ခြံရှိတယ်။ အဲဒီ အဒေါ်ကြီးက သရက်ဖြူတို့၊ သလပ်ဖက်တို့၊ မန္တလေးရင်ကွဲတို့နဲ့ တခြား သရက်မျိုးကောင်းတွေ စိုက်ပြီး သီးသန့် သိမ်ကြီးဈေး သစ်သီးတန်းမှာ သွားရောင်းတယ်။ သူ့သမီးက စံရိပ်ငြိမ်က အဒေါ်ကြီးတစ်ယောက်ဆီမှာ အလုပ်လုပ်တယ်။ ကျောင်းအဆောင်မရတဲ့ ကျောင်းသူတွေ၊ နည်းပြဆရာမလေးတွေ စုငှားနေတဲ့ အိမ်မှာ အကူပေါ့။ ဘယ်လိုဖြစ်လဲ မသိဘူး။ တစ်နေ့က ဝမ်းလျှောတာမှ ဟိုဝမ်းအတိုင်းဘဲ။ အထွေးတို့ကို သူ့အမေကြီး လာပြောတော့ လွန်နေပြီ။ ညတွင်းချင်းဘဲ အန်တီမေကိုယ်တိုင် စီစဉ်ပြီး ကန်တော်လေးက ကူးစက်တတ်တဲ့ ဆေးရုံပို့ရတယ်။ အမေကြီးကလည်း ဘာမှ မလုပ်တတ်၊ ဆေးရုံက ဆရာမတွေကလည်း အစွမ်းကုန် ကူညီပါတယ်။ သည်းတဲ့လူမမာကို ညလုံးပေါက် ပြုစုဖို့ စပယ်ရှယ်နပ်စ်က လိုတယ်မို့လား၊ တစ်ခါတစ်ခါတော့လည်း ဆရာရော၊ အထွေးရော ဒီဆေးရုံသံသရာမှာ ကျင်လည်ရတဲ့သူတွေဆိုတော့ ဆေးရုံသံသရာအကြောင်း နားလည်ပြီးသားပါ။ ကောင်းတဲ့နပ်စ်တွေ အများကြီးရှိသလိုပဲ တချို့ကျတော့လည်း

အဲဒီ ကူးစက်တတ်တဲ့ ဆေးရုံဆိုရင် "အင်ဂေ့" Engage လူနာ လက်ခံထားပြီးဖြစ်တယ်ဆိုတာ အကြောင်းပြပြီး ယဉ်ယဉ်လေးနဲ့ မလိုက်ဘဲ ငြင်းလိုက်ကြတယ်။ အဲဒီညက အန်တီမေက ပြောတယ် ... အန်တီက ငုတ်တုတ်ထိုင်ကြည့်တာကလွဲလို့ ဘာမှ မလုပ်တတ်ဘူး။ အထွေး သူ့ကို ပြုစုပါဆိုလို့ အထွေး သုံးရက်လုံးလုံး ညလုံးပေါက် ကြည့်ပေးရတယ်။ ကောင်မလေးက သွေးတောင် ဆုတ်နေပြီ။ အဲဒီဆေးရုံက ဆရာဝန်ကြီးတွေလည်း မနည်းကြိုးစားပြီး သေမင်းလက်က ကောင်မလေးကို လုယူရတာပဲ"

အထွေးသည် ကော်ဖီပန်းကန်ကို ချလိုက်ကာ ဆက်၍ပြော၏။

"ပထမတော့ အထွေး ထင်ထားတယ်။ ပိုက်ဆံရှိတဲ့သူတွေဟာ သူတို့ဝေဒနာခံရရင် အဖြစ်သည်းလိုက်တာ။ ချက်ချင်း သေမယ့်ရောဂါ မဟုတ်ဘဲ ငါတို့လို နပ်စ်ကို စိတ်ကြိုက် လခပေးပြီး ငှားထားတယ်ပေါ့။ ခုတော့လေ အထွေးက နပ်စ်ရယ်လို့ မဟုတ်ပါဘူး၊ သူ့ရဲ့ စက္ကရီပါပဲ။ အန်တီမေကိုလည်း အဲဒီလို မိန်းမမျိုးတွေထဲ ထည့်တွက်ထားမိတယ်။ အဲဒီ သရက်သီးသည် သမီးကလေးရောဂါဖြစ်လာမှ အန်တီမေဟာ တစ်ယောက်တည်း နေချင်တဲ့ သူ့ဆန္ဒက သပ်သပ်ပဲ၊ တစ်ဦးတည်းပိုင်ဆိုတဲ့ စိတ်မရှိတာကို နားလည်လာတယ်"

ရှင်မင်းထွေး စကားဆုံးလျှင် သူသည် တစ်စုံတစ်ခုကို မေးလည်း မေးလို၏။ မေးရမှာ အားတုံ့အားနာလည်း ဖြစ်နေမိသည်။ သို့သော် သူ သိလိုသည်ကို စကားခံကာ မေးလိုက်သည်။

"အထွေး နားလည်ရင် ဆရာ့ကို ရှင်းပြပါလား။ ဒီပြဿနာ အရင်းခံကို အထွေး သိချင်လည်း သိမယ်၊ မသိလည်း မဖြေပါနဲ့လေ။ ဒါပေမဲ့ ဒီအကျိုးအကြောင်းကိုတော့ အထွေး ဒေါ်ခင်မေဆက်ကို ပြန်မပြောနဲ့နော်"

"ဘာလဲ ဆရာ ... အထွေးသိရင် ပြောပြပါ့မယ်"

"အထွေးတို့လေ ... ဟိုတစ်လောက ဆေးရုံကြီးလာပြီး သခင်လှဦးရဲ့ ရောဂါကို လာကြည့်တယ်မို့လား"

"ဟုတ်တယ်"

"ပန်းသီးနဲ့ စပျစ်သီးလည်း ပေးခဲ့တယ်။ နောက်လည်း သစ်သီးဓာတ်စာကို တစ်ပတ်တစ်ခါ ပို့ခိုင်းတယ်။ အဲဒီဓာတ်စာထဲက ကျွဲကောသီးတွေကို သခင်လှဦးက တခြားလူနာတစ်ယောက်ကို ကျွေးတယ်။ အဲဒါ

mgyoe.com

mgyoe.com

ဘယ်သူလဲ သိလား"

"ဟင့်အင်း"

"လူနာ နာမည်က မောင်ထွန်းဖေတဲ့။ သူ့မိန်းမက မညွန့်ရီ။ သူတို့ဟာ ဒေါ်ခင်မေဆက်ရဲ့ အမျိုးတွေဆို၊ သခင်လှဦးက ကောင်းကောင်းသိတယ်"

"ဩော် ... အထွေးလည်း သိပါတယ်။ ဒေါ်မေဓာဝီကြီးရဲ့ သမီးပဲ။ အခု အန်တီမေ နေရစ်ခဲ့တဲ့ မရမ်းကုန်း သီလရှင်ဇရပ်က ဒေါ်မေဓာဝီရဲ့ သမီး"

"ဟင် သိချင်ပါတယ်ဆိုမှ ဇာတ်လမ်းက ရှည်လာလိုက်တာ အထွေးရယ်။ ကျွန်တော်ကလည်း အခြေအနေ နားမလည်တော့ သူ့အမျိုး လူနာတစ်ယောက် ဆင်းရဲဒုက္ခရောက်နေတာ ဓာတ်စာလေးတောင် ဝယ်မစားနိုင်ဘူး၊ အန်တီမေ သိရင် ပို့ပေးမှာပဲလို့ အကြောင်းကြားလိုက်ရအောင် သခင်လှဦးဆိုတော့ သူက ပုံတစ်ပုံလည်း ပြောပြတယ်။ ပြီးတော့ သူက ပြောတယ် ... ကျွန်တော့်အပေါ်ထားတဲ့ သဒ္ဓါစိတ်မျိုး မောင်ထွန်းဖေအပေါ် ခင်မေဆက်က ထားနိုင်ဦးမှကိုးတဲ့"

မင်းရွှေဖဲသည် သခင်လှဦးပြောသမျှ အကုန်ပြောပြလိုက်၏။ ရှင်မင်းထွေးသည် လေးလေးနှင့် မှန်မှန် စဉ်းစား၍ တဖြည်းဖြည်း ဖြေ၏။

"ဟုတ်တယ် ... သခင်လှဦးပြောတာ မှန်တယ်။ အလျှောက်ကောင်းတော့ အထောင်းလွတ်၊ တပည့်လိမ္မာတော့လည်း ဆရာအာပတ်လွတ်တာပေါ့။ သုံးဦးသုံးဖလှယ် အကျိုးရှိဖို့ အရေးကြီးပါတယ်လေ။ ကိုထွန်းဖေတို့ဟာ ဒီသစ်သီးစားလို့ အာဟာရဖြစ်သွားဖို့က အဖြေပါပဲ။ အန်တီမေ သိဖို့ မလိုပါဘူး။ ဘာကြောင့် ဒါလောက် ပြတ်တောက်နေသလဲတော့ အထွေး အသေးစိတ်မသိဘူး။ ဆရာ တစ်ခုသိထားစေချင်တာကတော့ အဲဒီ မညွန့်ရီရဲ့အမေ ဒေါ်မေဓာဝီကို အန်တီမေဟာ လစဉ် ထောက်ပံ့နေတယ်"

"ဟင်"

"သီလရှင်ဆရာကြီးက အသက် ၆၇ နှစ်ရှိပြီ။ အထွေး အန်တီမေ့ကို လစဉ်လုပ်ပေးနေကြ အလုပ်ထဲမှာ ငွေပို့ ပုံစံတစ်ခုနဲ့ (မန်နီအော်ဒါ) အမြဲရေးပြီး ငွေပို့ရတဲ့ အလုပ်လုပ်ရလို့ အထွေးသိတာ။ ဒေါ်မေဓာဝီက သရက်ချောင်းကျေးရွာ ဘုန်းကြီးကျောင်းမှာ သီလရှင်ဝတ်နေတယ်။ အဲဒါ

mgyoe.com

လစဉ် ငွေမှန်မှန် ပို့ရတယ်။ လွန်ခဲ့တဲ့နှစ်က ဆရာကြီးကလည်း မကျန်းမာဘူး။ ပြီးတော့လည်း ဒေါ်မေဓာဝီရဲ့ ကံကလည်း နည်းပါတယ်။ အိုပြီး သီလရှင်ဘ၀ရောက်နေတာတောင် လွတ်လွတ်ကျွတ်ကျွတ် မနေရ၊ မညွန့်ရှိရဲ့ သားနှစ်ယောက်ကိုလည်း သူနဲ့အတူ ကိုရင်ဝတ်ပြီး သာသနာ့ဘောင်မှာ ထားရတယ်။ ကလေးတွေ စာလည်းတတ်၊ ကုသိုလ်လည်းရပေ့ါ။ သရက်ချောင်းက ဆရာတော်ဘုရားကလည်း အန်တီမေတို့အဖေဦးဆက် ကိုးကွယ်တဲ့ ဆရာတော်ကြီးဆိုတော့ ကိုရင်လေးနှစ်ယောက်ကို လက်ခံထားပါတယ်။ ဆရာကြီး ဒေါ်မေဓာဝီကို ဦးကျီးမြိုင် ကိုယ်တိုင်သွားခေါ်ပြီး မရမ်းကုန်းမှာ ဇရပ်လေးတစ်ဆောင် ဆောက်ပေးပြီး အန်တီမေက ထောက်ပံ့နေတယ်လေ"

မင်းရွှေဇံသည် ခေါင်းလေးညိတ်ကာ နားထောင်ရင်း သူ့အတွေးမျက်စိထဲဝယ် ဒေါ်ခင်မေဆက်၏ စိတ်ထားပုံစံ အစိတ်အပိုင်းသည် တစ်ဝက်တစ်ပျက်တော့ ရုပ်လုံးပေါ်၍လာခဲ့၏။

"သခင်လှဦးပြောသလိုပါပဲ။ သူ သဒ္ဓါစိတ်ရှိတဲ့သူအပေါ်မှာ အသက်ကြီးတယ်၊ ငယ်တယ်၊ ဆင်းရဲတယ်၊ ချမ်းသာတယ်ရယ်လို့ ခွဲခြားပုံ မပေါ်ဘူး။ သူ့ခြံတံခါးဟာ အမြဲပွင့်နေပါတယ်။ သူ သဒ္ဓါစိတ် မရှိရင်တော့ သူ့ခြံတံခါးက သော့ခတ်ထားတာပါပဲ။ ဒါဟာလည်း သူ့အကျင့် သူ့ကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့်မို့ အထွေးတို့ ဝေဖန်စရာ မလိုပါဘူး"

ရှင်မင်းထွေးသည်လည်း စကားပြော ကျွမ်းကျင်သူပါပေတည်း။ ဒေါ်ခင်မေဆက်အပေါ် မသိမသာ ကာကွယ်ရင်း ချေပပြောဆိုသွား၏။

"ဟော ... အထွေးရောက်နေတာ ကြာပြီလား"

ဦးကျီးမြိုင်သည် ဧည့်ခန်းတွင်းသို့ ဝင်လာ၏။

"ဒီအခန်းသော့ကို ကျွန်တော် သိမ်းထားနေကြ။ ဒီနေ့ အပြင် ကိစ္စရှိလို့ သွားနေတာနဲ့ အေးမြ ပေးခဲ့ပါတယ်။ သူက အသိမ်းလွန်နေလို့။ ကဲ–လာ အထွေး"

"ဆရာ ... အထွေးတို့ အပေါ်ထပ်က ပစ္စည်းတွေထားတဲ့ အခန်းကို သွားမလို့ ခွင့်ပြုပါ။ ပိုကောင်းတာက ဆရာပါ တစ်ခါတည်း လိုက်ခဲ့ပါ။ လာပါ"

ဤအခန်းထဲ ဘာတွေရှိလဲဟူသော သိချင်စိတ်ကြောင့် အထွေးတို့

mgyoe.com

နောက်မှ လိုက်၍သွား၏။ လှေကားရင်းတွင် ကားမောင်းသူ ဒီဗန်းသည် တောင်းတစ်လုံးနှင့် အဆင်သင့် စောင့်နေ၏။ သူတို့အားလုံး အိမ်ပေါ်ထပ်သို့ တက်ကာ အိမ်ကြီး၏ နောက်ဘက်ဆုံးအခန်းသို့ သွားကြသည်။ အခန်းကြီးသည် ပေ ၂၅× ၁၆ ပေခန့် ကျယ်ဝန်း၍ ပန်းကန်ဆိုင်လေးတစ်ခု ခင်းထားသည်နှင့်ပင် တူနေတော့၏။

"လူ ၁၀၀ လောက် ကျွေးမွေးဖို့များတော့ အန်တီမေ အိမ်မှာလေ ဘာမှ ငှားဖို့မလိုဘူး။ ပန်းကန် ခွက်ယောက်က အပြည့်အစုံရှိတယ်"

ရှင်မင်းထွေးသည် ပန်းကန်စင်များဖြင့် သပ်ယပ်သန့်ရှင်းစွာ ထားသော ပန်းကန်အရွယ်အမျိုးမျိုး အစားစားများကို လက်ညှိုးညွှန်ပြလိုက်၏။ သူ့လက်ထဲမှ စာရင်းကို ဦးကျီးမြိုင်အား ပေးလိုက်၏။ ဦးကျီးမြိုင်က စာရင်းအတိုင်း ပန်းကန်များကို ရွေးချယ်ကာ ဒီဗန်းက တောင်းထဲသို့ စီ၍ ထည့်၏။ ဆက် မိသားစု၏ ပြတိုက်တစ်ခန်းလိုပင် အခန်းထဲရှိ ပစ္စည်းများသည် အတိတ်က ဆက်မိသားစု၏ နေပုံထိုင်ပုံ ဆက်ဆံရေးကို တစ်စိတ်တစ်ပိုင်း ဖော်ပြနေဟန်ရှိ၏။

"ဆရာ ဒီဘက်လာပါဦး ... ဒီမှာကြည့်စမ်း"

အထွေးခေါ်ရာသို့ မင်းရွှေဇံ လိုက်သွားကာ အထွေးပြသည်ကို ကြည့်လိုက်၏။ လူ့တစ်ဖက်လောက်နီးနီး ကျောက်ကာခေါ်လေမလား၊ ကြိမ်ကိုပင် သစ်စေးသုတ်ထားလေသလား၊ သူမသိသည့် သုံးဆင့် ထမင်းချိုင့်ကြီးတစ်ချိုင့်။

"အဲဒီချိုင့်ကြီးက တရုတ်ထမင်းချိုင့်၊ တရုတ်က လာတာ။ ဒီဟာတွေကတော့ ရိုးရိုး မြန်မာဖြစ် ကျောက်ကာ ထမင်းချိုင့်တွေ။ ဒီချိုင့်မျိုးတွေကတော့ ရှေး မြန်မာဆန်ဆန်အိမ်တွေမှာ ရှိပါတယ်"

အဂ ၈ လက်မခန့်ကျယ်သော ကျောက်ကာ ထမင်းချိုင့် အသေးလေးများကို ပြပြန်သည်။

"အပ္ပထည့်ခံတယ် ဆရာရယ်။ ဟို ဆွမ်းအုပ်တွေကတော့ တောရွာဘုန်းကြီးကျောင်းမှာ ဆရာ မြင်ဖူးပါတယ်။ ဆွမ်းအုပ်တစ်အုပ်တစ်အုပ်ကလည်း သယ်ရမယ့် လူ့ဗလကို အတော်ကြီးရမယ်"

အထွေးက ရယ်ကာ ပြောလိုက်၏။

"အို ... သရက်ချောင်းမှာ ဝါဆိုဦးဆို တို့ရွာသူတွေ ကိုယ့်ဆွမ်း

mgyoe.com


တောင်း ကိုယ်ရွက်ပြီး ဘုန်းကြီးကျောင်းသွား သီလယူတာ။ တို့ရွာမှာ ကိုယ့်ထမင်းလုတ် ကိုယ်ရေတွက်ပြီး စားကြတာမှမဟုတ်ဘဲ၊ ဘုန်းကြီးလှူပြီးရင် ထမင်းယူမလာနိုင်တဲ့ ဥပုသ်သည်ရော၊ သူတောင်းစားရော၊ ဆင်းရဲချမ်းသာမရွေး ဝေငှစားတာ"

ဦးကျိုးမြိုင်က သူ၏ သရက်ချောင်းကျေးရွာ တစ်ခေတ်ကို ပြောပြလိုက်၏။

"ကျုပ်တို့ရွာသူတွေက အထွေးတို့ မြို့သူတွေလို ခါးချိလေးတွေမှ မဟုတ်ဘဲ"

"ဒေါ်အေးမြကြီး မြင်ရတာနဲ့ကို သိပါတယ်ဗျာ" ဟု မင်းရွှေဇံက အရွှန်းဖောက်၍ ပြောလိုက်၏။

"ဆရာ ... ဒီမှာကြည့်"

အထွေးသည် မြန်မာယွန်းထည်ခွက်အနက်လေးများထဲမှ တစ်ခုကို ယူပြ၏။

"ရိုးရိုး နီးရေခွက် မဟုတ်ဘူးဆရာ ... အခု ဂျပန်က လာတဲ့ ကျောက်ကာသမ်း အမျိုးအစားလိုပါပဲ။ အပူအအေး ထည့်ရတယ်။ သစ်သီးစုံခွက်လိုပဲ သစ်သီးအဖျော်တွေကိုလေ အဲဒါနဲ့ ထည့်ကျွေးတယ်တဲ့။ အန်တီမေက ပြောပြတယ်။ အမှန်တော့ ဂျပန်က ပုံထုတ်ရာမှာ ခေတ်မီပြီး ချယ်ထားတဲ့ ပန်းချီက ပိုပြီးစားသာသွားတာ။ မြန်မာကလည်း ထွက်နိုင်ရင် သူတို့နဲ့ ယှဉ်နိုင်မှာပေါ့။ တစ်ခါတလေ သူ့ဖေဖေဟာ ရာဘာကုန်သည် နိုင်ငံခြားသားကိုယ်စားလှယ်တွေကို ထမင်းကျွေးရင် ဒီယွန်းထည်ကို မြန်မာဖြစ်ဆိုပြီး အမွန်အမြတ်အနေနဲ့ ထည့်ကျွေးတယ်တဲ့။ ဖန်ပန်းကန်တွေ၊ ကြွေပန်းကန်တွေကို မသုံးဘူးတဲ့"

"အန်တီမေ့အဖေ ဦးဆက်က ကုန်သည်ရော လုပ်သလား"

မင်းရွှေဇံက မေးလိုက်၏။

"အထွေး မသိဘူး"

"ဟုတ်တယ် ... ဟုတ်တယ်။ မေတို့အမေရဲ့ မြေနုကျွန်းကြီးက လယ်တွေ ရေမြုပ်တော့ တစ်လှည့် စီးပွားရေးယိုင်အသွားမှာ သူက ထားဝယ်သွားပြီး ရာဘာခြံလုပ်သေးတယ်လေ။ အဲဒီတော့ နိုင်ငံခြားသား အဝယ်တော်တွေနဲ့ ဆက်သွယ်ရတာ"

mgyoe.com

ဦးကျီးမြိုင်က ဝင်၍ ပြောပြ၏။

"အထွေးကတော့ အဲဒီတစ်ခေတ်ကို မီလည်း မမီဘူး။ အန်တီမေနဲ့လည်း စကားမစပ်မိဘူး။ အထွေး ပြချင်တာက ဒါပါ"

အထွေးသည် ကျောက်ကာခွက်လေးတစ်ခု၏ ကျောဘက်ကို လှန်ပြလိုက်၏။ ပုဂံ ညောင်ဦးထွက် ယွန်းတန်းများတွင် ရေးထားလေ့ရှိသော ဆေးမျိုးနှင့် လှပသပ်ယပ်ပုံစွာ ရေးထားသည်။ ရွှေရောင် 'တံဇင်' အမှတ်အသားဖြစ်၏။

"အဲဒါ ကျောက်ကာမြို့ကိုလေ ပစ္စည်းမှာလိုက်ကတည်းက သူ့အဖေက ပစ္စည်းတိုင်းရဲ့ ကျောဘက်မှာ အဲဒီတံဆိပ် ဆေးရေးထားခိုင်းတယ်တဲ့။ နိုင်ငံခြားသား ကုန်သည်တွေကို အမှတ်တရ လက်ဆောင်ပေးတော့မယ်ဆိုလည်း အဲဒီတံဆိပ်ကိုတော့ သေသေချာချာ ရွှေမင်နဲ့ ရေးထားတယ်တဲ့။ အဲဒီ'ရွှေတံဇင်' အမှတ်အသားက ဆက်မိသားစုရဲ့ အစဉ်အဆက် အမှတ်အသားပဲ"

မင်းရွှေဖုံသည် အမှတ်အသားတွေနှင့် ကြီးကျယ်ခမ်းနားလှသော စိတ်ကူးရှိသည့် ဒေါ်ခင်မေဆက်၏ အဖေကြီးကို မျက်စိထဲ မှန်းကြည့်မိ၏။

"တစ်နေ့နေ့ ကြုံကြိုက်ရင် မင်္ဂလာညှော်ခံပွဲတစ်ခုခု၊ ပွဲကြီးလမ်းကြီးသွားရင် အန်တီမေ ပြင်ဆင်သွားတာ ပြချင်တယ်။ ဆရာနဲ့ ကြုံကြိုက်ပါစေလို့ ဆုတောင်းတယ်"

"ဘာဖြစ်လို့လဲဟင် ..."

"အန်တီမေရယ်လေ ... ခုတော့ သူ့မိတ်ဆွေထဲမှာ အင်မတန် ရင်းနှီးမှ မင်္ဂလာပွဲတွေ သွားပါတယ်။ ကျန်းမာတုန်းကတော့ သူ ညှော်ခံပွဲတွေသွားရင် အဝတ်အစား ထုတ်ပေးတာကအစ အထွေးက အဆင်သင့် လုပ်ပေးတယ်။ တောက်တောက်ပပ စိန်ရွှေတွေ သိပ် မဝတ်လှပါဘူး။ အဲဒီ အဲဒီ ဆက်မိသားစု အမှတ်အသား ရင်ထိုးကိုတော့ သူ့ပုဝါအပေါ်မှာ အမြဲထိုးတယ်။ ပုံစံကတော့ ဒီ ကျောက်ကာပေါ်မှာ ရေးထားတဲ့ ပုံစံအတိုင်းပဲ။ တံဇင်လက်ကိုင်က ရွှေတံဇင်ရဲ့ အသွားမှာတော့ စိန်သွားလေးတွေ တပ်ထားတာ။ လက်ရာကလည်း နုတော့ စိန်လုံးလေးတွေ သေးပေမယ့် သိပ်လှတာပဲ။ တဖိတ်ဖိတ် တောက်နေတာပဲ"

mgyoe.com

mgyoe.com


ဦးကျိုးမြိုင်သည် ပန်းကန်များ ကုန်း၍ထည့်ရာမှ ခါးဆန့်လိုက်၏။ အထွေး၏စကားကို သူ ဆက်ပြော၏။

"ဟုတ်တယ်လေ ... ဒီရင်ထိုးနှစ်ခုက ဆင်တူလုပ်ထားတယ်။ တစ်ခုက ခင်မျိုးဆက်ကို ပေးတယ်၊ တစ်ခုက ခင်မေဆက်ကို ပေးထားတာ။ သူ့စိတ်ကူးက ကျွန်းကြီးက လယ်တွေနဲ့ သရက်ချောင်းလယ်တွေမှာ သူ ဓားမဦးချ စိုက်ပျိုးလုပ်ကိုင်ခဲ့တဲ့ သူ့ဘဝအစရဲ့ အထိမ်းအမှတ်တဲ့"

"ဒေါ်ခင်မျိုးဆက်က ဘယ်ရောက်သွားလဲ"

မင်းရွှေဇံက မသိသလို ဖြတ်မေးလိုက်၏။ ဦးကျိုးမြိုင်သည် စကားဆက်ကို မဖြေတော့ဘဲ ပန်းကန်များဘက်ကို စိတ်ရောက်သွားပြန်၏။

"နိုင်ငံခြားမှာတဲ့။ ဘယ်တိုင်းပြည်မှာလို့ အတိအကျ အန်တီမေ သိပုံမပေါ်ဘူး။ အထွေးလည်း ဒေါ်ခင်မျိုးဆက်အကြောင်းကို သိချင်တယ်။ ဒါပေမဲ့ သူ့မမအကြောင်း တစ်ပိုင်းတစ်စ စကားစပ်ရင်း ပြောတဲ့နေ့ဆို အန်တီမေဟာ သူ့ထုံးစံအတိုင်း လက်ကလေးတွေ ပျော့၊ ခြေထောက်တွေ အေးစက်သွားပြီး အိပ်တဲ့အထိ ဆေးသောက်သိပ်ရပြန်ရော။ 'မမ မသေခင်တော့ တွေ့သွားချင်ပါသေးတယ်'တဲ့။ သူ အဲဒီလို ညည်းရင် အထွေးပါ ရောငိုချင်တယ်"

"အိုကွယ် ... မိန်းကလေးကလည်း ရူးလိုက်တာ။ သူနာပြုဆရာမ ကလည်း လူနာထက် စိတ်ခိုင်ရမှာပေါ့"

"ဟုတ်ပါတယ်လေ ... အထွေးကိုက ဒီအကြောင်းရောက်ရင် အန်တီမေ ခံစားရသလိုပဲ ဝမ်းနည်းပန်းနည်းပဲ။ တစ်ခါတလေလည်း အလ်ဗန်အဟောင်းတွေမှာ ထည့်ထားတဲ့ သူတို့ညီအစ်မ တက္ကသိုလ်မှာ ကျောင်းနေခဲ့တဲ့ပုံတွေ၊ သူတို့ သရက်ချောင်းရွာက ပုံတွေ၊ မြောင်းမြအိမ်က ပုံတွေကို အလွမ်းပြေ ကြည့်နေတတ်တယ်"

"ကဲ ... အထွေး၊ ပန်းကန်တွေတော့ ထည့်ပြီးပြီ။ ကားက သေးတော့ အနည်းဆုံး နှစ်ခေါက်သယ်ရမယ်။ သစ်သီးစုံတိုက်ဖို့ ကျောက်ကာ ခွက်ငယ်တွေပဲ ထည့်ရတော့မယ်"

ဦးကျိုးမြိုင် ပြောလိုက်သောကြောင့် သူတို့ စကားစ ပြတ်သွား၏။

"သယ်ရပစေလေ ... နောက်ဆုံးခေါက်မှ အထွေး လိုက်ပါတော့။

mgyoe.com

mgyoe.com

ခုမနက် မိုးအုံ့ပါတယ်၊ နေမပူပါဘူး။ ခြံထဲမှာ လျှောက်ကြည့်သွားပါဦး။ ကောင်းကင်နေပုံက ကဆုန်လမပြည့်ခင် မိုးရွာချင်ရွာမှာ။ ဖြစ်နိုင်ရင်တော့ အထွေးကို မနက်စာ ဒီအိမ်မှာတောင် ကျွေးလိုက်ချင်သေးတယ်"

မင်းရွှေဖံသည် အထွေးနှင့် စကားပြောချိန်ကို အများကြီးရချင်သောကြောင့် အချိန်ဆွဲလိုက်၏။

"ထမင်းတော့ စားနိုင်မှာမဟုတ်ဘူး။ ဒီကအပြန် အန်တီမေကို ဝင်ကြိုရမယ်။ အန်တီမေ တစောင့်စောင့်နဲ့ ဖြစ်နေမယ်။ အထွေး နောက်ဆုံးခေါက် ကားအလာမှာ ပြန်တော့မယ်။ ခြံထဲတော့ ကြည့်ဖို့မလိုပါဘူး။ ဦးကျီးမြိုင်ကြီး တစ်ယောက်လုံးက အန်တီမေ စိတ်ကြိုက်အသိဆုံးမို့ လက်ရာမပျက် ခြံကို ပြုစုထားမှာပါ။ ကဲ– ပြီးရင် ကြီးဒေါ် ဒေါ်အေးမြကြီးနဲ့ သွားတွေ့ဦးမယ်"

ရှင်မင်းထွေးသည် ပစ္စည်းများ သယ်ယူချထားပြီးမှ ပန်းကန်ထားရာ အခန်းကြီးကို သေချာစွာ သော့ပိတ်ခဲ့၍ အောက်ထပ်သို့ ဆင်းလာသည်။ မင်းရွှေဖံပါ အထွေးနှင့်အတူ ဦးကျီးမြိုင်အိမ်ဘက်သို့ လျှောက်လာခဲ့၏။ အိမ်လေးဆီသို့မရောက်ခင် တစ်ဖက်ခြံသို့သွားသော မလွယ်တံခါးပေါက်အနီးမှ ဖြတ်လျှောက်သွားကြ၏။

"ဆရာ ရှင်းခိုင်းထားတာလား။ ဦးကျီးမြိုင် ရှင်းထားတာလား"

အထွေးသည် ဆက်၍ လျှောက်မသွားဘဲ မလွယ်ပေါက်ကို လက်ညှိုးထိုးပြ၍ ခေတ္တရပ်ကာ မင်းရွှေဖံအား မေးလိုက်သည်။

"ခြံရှင်းရင် ဦးကျီးမြိုင်က ရှင်းထားတာပါ။ ဟိုတလောကပဲ အဘိုးကြီး မနည်းဖြစ်လို့ ဒီမလွယ်ပေါက်ကနေပြီး ကျွန်တော် သွားရသေးတယ်"

"ဟုတ်လား ... အန်တီမေသာ ရှိရင် ဒီမလွယ်ပေါက်ကို လုံးဝ ပိတ်ထားမှာ"

"ဘာဖြစ်လို့လဲ။ ဟိုဘက်ခြံက အန်တီကလေ အဲဒီ မလွယ်ပေါက်ကပဲ ကျွန်တော့်ဆီ အပြေးအလွှားလာတာ"

"ဘုရားရေ ... ကျားသားမိုးကြိုးပဲ။ အေးလေ ... သေရေးရှင်ရေး ကျတော့လည်း လူဟာ ဟန်မလုပ်နိုင်ဘူး ထင်ပါရဲ့။ အထွေး သိရသလောက်တော့ ဒီမလွယ်ပေါက်ကို စတင်ပြီး အလုံပိတ်တာက ဟိုဘက်ခြံ

mgyoe.com

mgyoe.com

က လူတွေ။ အင်း ... ဒီမလွယ်ပေါက်က လူ့အသက်တစ်ချောင်းကို ကယ်လိုက်တာပဲ။ တစ်စတစ်စတော့ သူတို့စိတ်ထားတွေ ပြောင်းလာကောင်းပါရဲ့"

ရှင်မင်းထွေးသည် လူကြီးလေးသဖွယ် ခပ်ညည်းညည်းပြောရင်း ရှေ့မှ ဆက်လျှောက်သွား၏။ ဒေါ်အေးမြတို့ အိမ်လေးဆီ မရောက်ခင် အုတ်ရေတွင်းတစ်ခုနားသို့ ရောက်လာ၏။ အုတ်ရေတွင်းသည် အင်္ဂတေများနှင့် သပ်သပ်ရပ်ရပ် လုပ်ထားရုံမက ဘေးတွင် ရေသုံးသူတို့၏ အညစ်အကြေးများ ကန်ထဲမဝင်အောင် ရေတွင်းကို ပတ်လည်ဝိုင်း၍ အင်္ဂတေကျဲထားသည်။ မသန့်သော ရေများသွားဖို့ကိုလည်း အင်္ဂတေမြောင်း ဖော်ထားသည်။

"ဆရာ ... ဒီအနားကို ခဏခဏရောက်လား။ အရင်က ရေ အခက်အခဲရှိရင် ဒီတွင်းရေကို ရေစုပ်စက်နဲ့တင်ပြီး ဒီအိမ်ကြီးကို ရေပေးရတယ် ပြောတယ်"

"မရောက်မိပါဘူး အထွေးရယ် ... အပြင် လမ်းလျှောက်ထွက်ပြီး ပြန်လာ၊ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတာနဲ့ မရောက်မိဘူး။ ဟုတ်ပါရဲ့... ခုမှ တွေးမိတယ်။ ကျွန်တော်လေ ဒီခြံကြီးကို နံ့နံ့စပ်စပ် တစ်ခါမှ မကြည့်မိဘူး။ ဒီခြံကြီး တစ်ပတ်တစ်ပတ် လျှောက်ရင်ကို ကျန်းမာရေးနဲ့ ညီနိုင်တယ်"

"အထွေးတို့ လူငယ်ပိုင်းကတော့ အဆက်အဆံရှိပါတယ်။ အန်တီမေ နေတုန်းက လူကြီးတွေလစ်ရင် ဟိုဘက်အိမ်က ကားမောင်းတဲ့ ဦးနန္ဒကြီးလေ ဦးကျိုးမြိုင်တို့၊ ကြီးဒေါ်အေးမြတို့ဆီ လာစကားပြောတတ်တယ်။ သူက တစ်ခါတလေ ပြောတယ်။ သူတို့အိမ်မှာလည်း ဒီလို ရေတွင်းတစ်တွင်းရှိတယ်တဲ့။ ဒါပေမဲ့ ရေတွင်းပျက်ကြီးတဲ့၊ ပြုပြင်မထားဘူးဆိုပဲ"

သူတို့နှစ်ယောက်သည် ဒေါ်အေးမြအိမ်ရှေ့ရှိ ကပြင်လေးတွင် ထိုင်လိုက်၏။

"ဟော ... ဘာတွေပြောလာကြလဲ"

ဒေါ်အေးမြသည် ဆီးကြိုညှော့ခံရင်း ပြောလိုက်၏။

"နေကောင်းလား ကြီးဒေါ်အေးမြ၊ ရေတွင်းနား ရောက်လာတာနဲ့ ဦးနန္ဒ ခဏခဏ ပြောပြတတ်တဲ့ ဟိုဘက်အိမ်က ရေတွင်းပျက်ကြီး

mgyoe.com

အကြောင်း ပြောလာတာ"

"ဟော ..."

ဒေါ်အေးမြသည် ရေးလူကြီးပီပီ မျက်လုံးပြူးပြူးပျာပျာနှင့် အထိတ်တလန့် ဖြစ်သွားပုံရ၏။ မင်းရွှေဖံသည် ဒေါ်အေးမြအမူအရာကို အံ့သြသွားရပြန်သည်။

"ကျုပ်တော့ သတ္တိမရှိဘူးပြောပြော၊ ဘာပြောပြော လသာတဲ့ ညဆိုရင် ဟိုနောက်ဘက်ကို ဘယ်တော့မှ မသွားဘူး။ အဲဒီက လှမ်းကြည့်ရင် ရေတွင်းပျက်ကို မြင်မြင်နေရတော့ စိတ်ကို ချောက်ချားတယ်"

"ကြီးဒေါ်ကလည်း သူတို့ပြောတိုင်း မဖြစ်နိုင်ပါဘူး"

ရှင်မင်းထွေးက ပြော၏။

"ဩော် ... အထွေးတို့က သူနာပြုဆရာမဆိုတော့ သူရဲတွေ ဘာတွေ အယုံအကြည်လည်း ရှိမှာမဟုတ်ဘူး။ ကြောက်မှာလည်း မဟုတ်ဘူး"

"ခုဟာက သူရဲမှမဟုတ်ဘဲ"

"သူရဲမဟုတ်ပေမယ့် လူ့စိတ်များ တယ်ခက်တယ်။ အဲဒီနေရာကို မျက်စိရောက်ရောက်သွားတယ်။ ခုထိတော့ ဘာမှ မတွေ့သေးဘူး"

"ဟင် ... တွေ့လည်း မတွေ့သေးဘဲနဲ့ ယုံတယ်လား"

ရှင်မင်းထွေးသည် ပြုံး၍ မေးလိုက်၏။

"သူရဲဖြစ်တယ် မဖြစ်တယ်တော့ ဘယ်သိမလဲ။ ဒါပေမဲ့ ဖြစ်တဲ့အကြောင်းကတော့ တကယ်ဆိုတော့ ဒီရေတွင်းပျက်ကိုမြင်တိုင်း စိတ်လည်း လှုပ်ရှားလာတယ်။ လသာတဲ့ညဆိုရင် မိန်းကလေး တင်မာလာကို တွေ့များ တွေ့မလားလို့ စိတ်ထင်နေတယ်"

ဟု ဒေါ်အေးမြက ဖြေ၏။

"တင်မာလာလား ... တင်မာလာ ဘာဖြစ်လို့လဲ"

မင်းရွှေဖံသည် ပုံပြင်ဟောင်းတစ်ခုကို တစ်စွန်းတစ်စ ကြားရပြန်သည်။ ဒေါ်အေးမြ မဖြေခင်ပင် အထွေးသည် မျက်နှာညှိုးသွား၏။

"ဟုတ်ပါရဲ့ ... အထွေးသာ မိဘတွေဆိုရင်လေ၊ ဒီအိမ်ကြီးမှာ မနေတော့ဘူး။ သူတို့မောင်နှမကို တစ်ခါတလေများ အသည်းနှလုံးမှ ရှိရဲ့လားလို့ အထွေး ထင်တယ်။ သူတို့မောင်နှမက အိမ်ကြီးတစ္ဆေတွေလေ။ မသေခင်ကတည်းက ချောက်နေကြတယ်။ အန်တီမေတောင် အထွေးစိတ်ထင်

mgyoe.com

mgyoe.com
တော့ ဒီအိမ်ကြီးမှာနေရင် ဟိုခြံဘက်က အိမ်ကြီးတစ္ဆေမောင်နှမက ချောက်ချောက်ပြနေတာနဲ့ သူ့ရောဂါတိုးမှာစိုးလို့ ပြောင်းများသွားသလား မသိ”

“ဖြစ်နိုင်တာပဲ”

ဟု ဒေါ်အေးမြက ဆို၏။

“တင်မာလာက လသာတဲ့ညမှာ ဒီရေတွင်းမှာ ဘာလာလုပ်လို့လဲ”

မင်းရွှေဖဲသည် ထပ်မံမေးတော့မှ ရှင်မင်းထွေးသည် ဒေါ်အေးမြနှင့် စကားစဖြတ်ကာ သူ့မေးခွန်းကို ဖြေလိုက်၏။

“လူကြီးတွေကတော့ လူကြားကောင်းအောင် ရေတွင်းမှာ ရေခတ်ရင်း တွင်းထဲ ကျသေသွားတယ်တဲ့။ အထွေးတော့ မယုံပေါင်၊ စဉ်းစားကြည့်ပါလား ဆရာရယ် ... လျှမ်းလျှမ်းတောက် ချမ်းသာတဲ့ သူဌေးသမီးတစ်ယောက်က ရေတွင်းမှာ ရေလာခတ်မတဲ့လား။ ရေတွင်းထဲ ခုန်ချသေမှာလား။ အထွေး လာအလုပ်မလုပ်ခင်က အဖြစ်၊ အထွေး မမွေးခင်က အဖြစ်ဆိုတော့ တကယ့်အဖြစ်ကို အထွေးမသိလိုက်တော့လည်း ဒေါ်တင်မာလာ ဘယ်လိုသေရတယ်လို့ အကြောင်းရင်းကို မသိဘူး။ ရေတွင်းထဲမှာ အလောင်းဆယ်ပြီး သင်္ဂြိုဟ်ရတာတော့ တကယ်ပဲတဲ့။ ကြီးဒေါ်တို့ မျက်မြင်ကိုး”

“ကြီးဒေါ်တို့မှာတော့ လွမ်းလွမ်းဆွေးဆွေးကြီးပါပဲ ဆရာကြီးရယ်။ ဘာဖြစ်လို့လဲဆိုတော့ မသေခင် မျက်စိထဲ မြင်ယောင်နေတာက တင်မာလာရယ်၊ သူ့သူငယ်လေးရယ် ရေတွင်းဘေးမှာ လသာတဲ့ညဆို စကားပြောပြောနေကြတယ်။ ခုလို ရေတွင်းပျက်မဟုတ်တော့ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းပဲ။ ကြီးဒေါ်တို့က မြင်နေကျကိုး။ ကလေးမလေးက တယ်ချောတယ်။ တင်မာလာဆုံးတော့ ရှင်မင်းထွေးတို့အရွယ်ပဲ”

“အထွေးသာ ဒေါ်တင်မာလာဆိုရင်လေ ... လသာလာရင် အထွေးကိုယ်ကို အလှဆုံး ဖန်ဆင်းလိုက်မှာပဲ”

မင်းရွှေဖဲသည် အထွေးပြောဟန်ဆိုဟန်ကို တအံ့တသြ ဖြစ်လာရုံမက စကားလုံးများကိုလည်း သတိထား နားထောင်မိ၏။ အထွေးသည် အသံသေးသေးမျှင်မျှင်လေးနှင့် ကြေကွဲဖွယ် ဆက်ပြောနေ၏။

“အဲဒီ ကန်ပေါင်လေးမှာ ထိုင်နေမယ်။ ကန်ဘေးက ပတ်လည်စိုက်

mgyoe.com

mgyoe.com

ထားတဲ့ စပယ်ရုံတွေကြားမှာ လမ်းလျှောက်ပြမယ်။ အထွေးချစ်သူက လာချင်လာ၊ မလာချင်နေ။ အခုသိရသလောက် ဒေါ်တင်မာလာရဲ့ ချစ်သူ မှာ အပြစ်မရှိပါဘူး။ အဲဒီတော့ လသာတဲ့ညမှာ အထွေးလျှောက်ပြနေတာ ကိုလေ အဲဒီအိမ်ကြီးတစ္ဆေမောင်နှမ တွေ့စေချင်တာပါ။ အဲဒီတော့မှ အချစ် ဆိုတာ ဒါပါလား၊ တမလွန် ဝိညာဉ်ဘဝတောင် ပျောက်ပျက်မသွားဘဲ စွဲကပ်လိုက်သွားရလောက်အောင် လူငယ်တွေရဲ့စိတ်မှာ ထိခိုက်တတ်ပါ လားလို့ သိမယ်။ ဒါမှလည်း လူငယ်တွေ အချစ်စိတ်ဝင်လာရင် ဘယ်လို သိမ်သိမ်မွေ့မွေ့ ကိုင်ရမယ်ဆိုတာ သူတို့ နားလည်မယ်။ ခုတော့ အသည်း နှလုံးဆိုတာကို ကနစိုထင်းပေါက်သလို ခွဲခြမ်းပြီး မီးစိုက်ပစ်ကြတော့ အဲဒီမီးက သူတို့အိမ်ကြီးကို အခု လောင်နေပြီ။ ထည်ဝါသပ်ရပ်သလောက် ကျက်သရေမရှိတဲ့ အိမ်ကြီး"

ရှင်မင်းထွေးသည် မျက်နှာထားဟန်ပန်ကအစ နာကျည်းခံခက် နေပုံရကား တစ်ခါက ဒေါ်တင်မာလာဆိုသော အမျိုးသမီးခံစားနေရသော ဝေဒနာမျိုး သူ ထပ်တူခံစားရသလိုပင် သူသည် စကားလုံးများကို တစ်ရှိန်ထိုး ပြောဆိုလိုက်၏။ မင်းရွှေဖံအပေါ်တွင်လည်း ဆရာဝန်တစ် ယောက်နှင့် သူနာပြုဆရာမ ဟူသော လေးစားမှုပင် ပျောက်သွားကာ သူသည် ဤအိမ်ကြီး၏ အိမ်ရှင်မသဖွယ် အမူအရာသို့ ရုတ်တရက် ပြောင်း သွားတော့သည်။

"ကဲ ... အထွေးပြန်တော့မယ်။ အိမ်က ကားလည်း ပြန်လာလောက် ရောပေါ့။ ကြီးဒေါ်မြရေ... ဒီကအပြန် ဒေါ်မေဓာဝီဇရပ်မှာ အန်တီမေကို ကြို့ရဦးမယ်"

ရှင်မင်းထွေးသည် ဖောက်ဆတ် ဖောက်ဆတ်နှင့် ဒေါသဖြစ်နေသူ သဖွယ် ထသွားတော့သည်။ ဘာကိုမှ နားမလည်သော မင်းရွှေဖံသည် ရှင်မင်းထွေး အမူအယာအပေါ် သူ ဘယ်လိုမှ ကောက်ချက်မချနိုင်ဘဲ နောက်မှသာ လိုက်သွားတော့သည်။

ကားမှာ အဆင်သင့်ရောက်နေပြီဖြစ်၍ ရှင်မင်းထွေးသည် သူ့ကို နှုတ်ဆက်ကာ ကားပေါ်တက်သွား၏။ ဦးကျိုးမြိုင်သည်လည်း ဆွမ်းကျွေး အတွက် ရက်လိုသေးသော်လည်း ကြိုတင်ပြင်ဆင်နိုင်ရန် လိုက်သွားမည့် အကြောင်း မင်းရွှေဖံအား ခွင့်တောင်းကာ ရှင်မင်းထွေးနှင့်အတူ ပါသွား

mgyoe.com

mgyoe.com

တော့သည်။ သူသည် သံဆွဲတံခါးကို မပိတ်သေးဘဲ အိမ်ရှေ့ မြက်ခင်းဘက်ဆီသို့ လမ်းလျှောက်ထွက်သွား၏။ သူသည်လည်း အမှတ်မထင် အိမ်ရှေ့မြက်ခင်းအစပ်မှ တစ်ဖက် နှစ်ထပ်အိမ်ကြီးကို လှမ်းမျှော်၍ ကြည့်မိ၏။ အိမ်ကြီးသည် အုတ်သက်သက် ဆောက်ထားသော နှစ်ထပ်တိုက်အိမ်ဖြစ်၍ သူငှားနေသော အိမ်လိုပင် ဆင်ဝင်ကို သုံးဖက်ချကာ အတော်ကြီးမားသော တိုက်ကြီးတစ်လုံးဖြစ်သည်။ သူတို့အိမ်ဘက်သို့ ထုတ်ထားသော မြောက်ဖက်ဆင်ဝင်ကပင် သာမန်အိမ်တစ်ဆောင်၏ ဧည့်ခန်းနီးနီး ကျယ်ဝန်းပေသည်။ ဤတိုက်ကြီးပုံပန်းကပင် တိုက်ကို ပိုင်ဆိုင်သူတို့၏ ကြွခိုင်တောင့်တင်းသော စီးပွားအခြေအနေ ဂုဏ်အရှိန်တို့ကို ဖော်ပြနေသလိုရှိပါသော်လည်း ရှင်မင်းထွေးပြောသလိုပင် တစ်စုံတစ်ခုသော ဝိညာဉ်များက ကပ်ညိ၍ ခြောက်လှန့်နေသလိုရှိကာ တိုက်ကြီးသည် ကျက်သရေမဲ့လှပေသည်။

သူရပ်နေသောနေရာမှာ တစ်ခါက ဦးကျိုးမြိုင် ညွှန်ပြခဲ့သော မြက်ခင်းဘေးရှိ နှစ်ယောက်ထိုင် သစ်သားခုံတန်းလေးဖြစ်၏။ ဆေးဖြူများသုတ်၍ နောက်မှီဖြင့် သပ်သပ်ရပ်ရပ် ပြုလုပ်ထား၏။ ထိုသစ်သားခုံတန်းလျားပေါ်တွင် သူ ထိုင်လိုက်သည်။ တန်းလျားပေါ်သို့ ထောက်ဇရစ်ပန်းပင်တစ်ပင်မှာ မိုးလျက်ရှိ၍ ထောက်ဇရစ်ပင်နှင့် ယှဉ်လျက်ကမူ ဆိတ်ဖလူးပင်ဖြစ်သည်။

ဤပန်းပင်များသည် တကယ်တော့ တောပန်းများသာ ဖြစ်၏။ ရန်ကုန်သူတို့ တန်ဖိုးသိပ်မထားပေ။ တချို့ ရန်ကုန်သူများ မြင်ပင် မြင်ဖူးကြမည်မဟုတ်ပေ။

ဖြည်းညင်းစွာ တိုက်ခတ်လာသော နံနက်ခင်းလေတွင် မိုးသက်ရနံ့များ ပါလာ၍ ညနေလောက်တွင် မိုးရွာမလားဟု သူ ထင်၏။ သူသည် သူ့အိမ်ဘက်ကို မျက်စိပြောင်းလိုက်၏။ ခုန တစ်ခဏ ရှင်မင်းထွေး၏ ပြောဟန် ဆိုဟန်များသည် သူ့မျက်စိထဲတွင် တစ်ဖန် ပေါ်လာ၏။ အကယ်၍သာ ဤအိမ်ပေါ်တွင် ရှင်မင်းထွေးသည် အိမ်ရှင်မသဖွယ်ရှိနေပါလျှင် ပို၍ပင် ဤအိမ်သည် ကျက်သရေနှင့် ပြည့်စုံပေလိမ့်မည်။

ရှင်မင်းထွေး အမူအရာက စိတ်ကြီးဝင်သည့်ပုံလည်း မဟုတ်သည်ကို သူ အကဲခတ်မိ၏။ သူသည် ဤအိမ်တွင် တစ်စုံတစ်ရာ ပိုင်ဆိုင်ခွင့်

mgyoe.com

ရှိသော အိမ်သားတစ်ယောက်သဖွယ် သူပြောပုံသည် စိုးပိုင်ခန့်ညားလှ၏။ ဒေါ်ခင်မေဆက်ကို သူ စိတ်ဝင်စားသည်ကတစ်မျိုး၊ ရှင်မင်းထွေးအပေါ် စိတ်ဝင်စားသည်က တစ်မျိုးဖြစ်သည်ကို သူ့စိတ်သည် သူ့အား ခွဲခြား၍ ပြလိုက်၏။

*"အထွေးသာ ဒေါ်တင်မာလာဆိုရင်လေ ... အထွေး ကိုယ်ကို အလှဆုံး ဖန်ဆင်းလိုက်မှာပဲ" "လသာတဲ့ည ဆိုရင် အဲဒီကန်ပေါင်လေး ဘေးမှာ ထိုင်နေမယ်။ အထွေး ချစ်သူ လာလာ မလာလာ အထွေး စောင့်နေမယ်"*

သူ ဘာတွေ ပြောသွားပါလိမ့်။ ဟိုဘက်တစ်ခြံတွင် ရေတွင်း၌ ဘဝဆုံးသွားပါသော ဒေါ်တင်မာလာလို အထွေး၏ အချစ်ကံသည် မဆိုးပါစေနှင့်။ လသာသောညတွင် ချစ်သူကို မမျှော်ရဘဲ ချစ်သူနှင့်အတူ ဤမြက်ခင်းစိမ်းမြမြပေါ်တွင် ယှဉ်တွဲလျှောက်နိုင်ပါစေ။ ထိုစဉ်အခါတွင်သာ အထွေး၏ဘေးမှ ချစ်သူသည် ဆရာဝန် မင်းရွှေဖဲဖြစ်ပါစေ။ သူသည် ပါးစပ်ကပင် တီးတိုးရေရွတ်လုမတတ် ဆုတောင်းမိ၏။

"ဒီမှာ ဒီမှာ ... မောင်ရင်"

မိန်းမတစ်ဦး၏ စကားသံမှာ သူ့အတွေးကို ပြတ်သွား၏။ သူ လှည့်ကြည့်လိုက်သောအခါ မိန်းမကြီးတစ်ယောက် သူ့အပါးတွင် ရပ်နေ၏။ အသက်ခြောက်ဆယ်တွင်းလောက် ရှိပေမယ့် ချိချိနဲ့နဲ့မဟုတ်။ ဒေါ်အေးမြလိုပင် သန်သန်မာမာရှိသေး၍ မဝသောကြောင့် ဖျတ်လတ်နေပုံရ၏။ အမျိုးသမီးကြီး မျက်နှာသည် နေလောင်များများခံရသော ရာသီဥတုဒဏ်ကြောင့် ချောက်သွေ့ကာ အရေများ တွန့်နေ၏။ သို့သော် ပါးပေါ်တွင်မူ အငြိမ့်သမများ အိပ်နိုးထ လိမ်းကျံထားသလို သနပ်ခါးဘဲကြားကို ထူထူကြီး လူးထား၏။

ပထမသော် သူ့မျက်နှာကို မြင်မြင်ချင်း အမျိုးသမီးကြီး အားငယ်ကြောက်ရွံ့နေပုံပေါက်၏။ သူသည် ပြုံးပြလိုက်ကာ ... "ဘာကိစ္စရှိလို့ပါလဲခင်ဗျာ" ဟု မေးလိုက်သောအခါတွင်မူ ရုတ်တရက် ဝမ်းသာအားရဟန်သို့ မျက်နှာအမူအရာ ချက်ခြင်း ပြောင်းသွား၏။

"လူလေးရေ ... လူလေး လာလာ"

မိန်းမကြီးသည် ခြံဝဆီသို့ ရုတ်တရက်အော်ခေါ်ရင်း "တွေ့ပြီ

mgyboe.com

mgyoe.com

တွေ့ပြီ" ဟုလည်း ဆိုလိုက်၏။ ထိုမိန်းမကြီး၏ အော်သံကြောင့် ခြံဘက်မှ သူငယ်လေးသည် သူတို့ခြံသို့ ခပ်သွက်သွက်ကလေး လျှောက်လာ၏။ သူတို့အနားရောက်လာလျှင် အူးအူး အားအားနှင့် သူငယ်လေးသည် မပီမသ စကားလုံးများကို ရွတ်ဆိုနေ၏။ သူငယ်လေးမှာ ဆွံ့နေသော လူငယ်တစ်ယောက် ဖြစ်နေတော့သည်။

"ဒီလိုပါ မောင်ရင်ရယ် ... ဒီအိမ်ကြီးမှာလေ သူဌေးမကြီး ဒေါ်ခင်မေဆက် မရှိတော့ဘူးလား။ သူ ကျန်းမာရဲ့လား၊ သူ ဘယ်သွားနေလဲ၊ ကျွန်မ ... ကျွန်မ ... အဲလေ ဒေါ်ဒေါ် ခုန ဆင်ဝင်အောက်ကနေကြည့်တော့ သံဆွဲတံခါးက ဟနေပေမယ့် တစ်ယောက်မှမတွေ့လို့ မဝင်ရဲလို့ ပြန်မယ်လုပ်တုန်း မောင်ရင့်ကို သစ်ပင်အောက်မှာတွေ့လို့ လာတာပါ။ သူ ဘယ်မှာလဲ။ ကျန်းမာရဲ့လား"

"ကျန်းမာပါတယ်ခင်ဗျာ။ ဒီမှာတော့ မနေတော့ဘူး ... သူ ပြောင်းသွားပါပြီ။ ကျွန်တော်က ဒီအိမ်ကို ခေတ္တငှားနေတာပါ"

'ပြောင်းသွားပြီ' ဟူသော စကားလုံးကို ကြားလိုက်လျှင်ပင် အဒေါ်ကြီးသည် မျက်နှာချက်ချင်းညှိုးကျသွား၏။

"ကိစ္စ အရေးတကြီးရှိလို့လား ... ပြောပါ။ ကျွန်တော် သူ့ဆီကို အကြောင်းကြားပေးနိုင်ပါတယ်"

"ဩော် ... ဒီလိုလား၊ တော်ပါသေးရဲ့။ အမလေး ... ခုမှ အလုံးကြီး ကျသွားတယ်"

"အား အား အဘူးဝါး" ဟူသော အသံနှင့်အတူ သူငယ်လေးကလည်း သူ့ရင်ဘတ်ကို ပုတ်ပြကာ ဝမ်းသာဟန်နှင့် ပြောပြ၏။ "ငါ့နှယ် ဘယ်သူတွေနဲ့ လာတွေ့နေပါလိမ့်" ဟု သူ့ရင်ထဲတွင် ငိုအားထက် ရယ်အားသန်သလို တွေးလိုက်မိ၏။ ခပ်လှမ်းလှမ်းမှ ဒေါ်အေးမြသည် သူတို့ဆီသို့ လျှောက်လာ၏။ အမျိုးသမီးကြီး သားအမိမှာ ကျောခိုင်းနေ၍ ဒေါ်အေးမြကို မမြင်ပေ။ ဒေါ်အေးမြသည် သူတို့အပါးရောက်လာသည်နှင့်တစ်ပြိုင်နက် ...

"သခင်မကြီးပါလား" ဟု အော်လိုက်၏။ အမျိုးသမီးကြီးသည် ဒေါ်အေးမြဘက်သို့လှည့်ကာ "အို ... ဒေါ်အေးမြတို့ ရှိသေးသားပဲ။ သူဌေးမကြီးရော ... ကျွန်မ ခုမှ အားတက်သွားတယ်။ ခုန တစ်ယောက်မှ

mgyoe.com

mgyoe.com
မတွေ့တော့ ဘယ်လိုဖြစ်လို့ ဘယ်ကိုများ ရောက်သွားသလဲလို့။ တလောက နောက်ဆုံးတွေ့ချိန်မှာ သူဌေးမကြီးက ကောင်းကောင်းမမာ တော့ သူ ရှိမှ ရှိသေးရဲ့လားလို့။ ခုမှ ခုမှ စိတ်ချမ်းသာသွားတယ် ရှင်ကြီး ရှင်ကောင်းတို့ရယ် ... ကယ်ပါ၊ ဒီသူငယ်မလေး မသေပါစေနဲ့"

ရွတ်ဆိုသော စကားလုံးများနှင့် အမူအယာမှာ ဇာတ်ဟန်ပါနေ၍ ရယ်စရာလိုဖြစ်နေသော်လည်း စိတ်ထဲမှ လှိုက်လှိုက်လှဲလှဲ ပြောနေပုံရ၏။

"သခင်မကြီးကလည်း မလာတာ ကြာမှကိုး။ မေတို့ ဒီအိမ်က ပြောင်းသွားတာ တစ်နှစ်နီးပါးရှိပြီ"

"မလာဆို ... ဟောဒီသား ဟောဒီသား၊ အုတ်ပိလို့ ခေါင်းထိသွားတာ ဒဏ်ရာကို ဆေးကုလို့ လူသာကောင်းလာတယ်၊ စကားမပီတော့ဘူး"

"ဖြစ်ရလေ" ဒေါ်အေးမြ စကားအဆုံးတွင် ဆွံ့အနေသူ သူငယ်လေးသည် သူ့အဖြစ်အပျက်ကို ခြေဟန်လက်ဟန်နှင့် ဝင်ပြောပြန်၏။

"ဒီလိုပါ မောင်ရင်ရဲ့ ... ဒေါ်ဒေါ်က ဥက္ကဋ္ဌကြီးကတော်ပါ"

မင်းရွှေဇံသည် ရုတ်တရက် ပြုံးလိုက်မိ၏။ သူ ကြားနေရသော မိနစ်ပိုင်း၏ အချိန်ပတ်ဝန်းကျင်တွင် သခင်မကြီး၊ သူဌေးမကြီးနှင့် ဥက္ကဋ္ဌကြီးကတော် စကားလုံးများ ရှုတ်ထွေးရောယှက်နေ၍ ဖြစ်ပေသည်။

"တို့ဗမာအစည်းအရုံးက ဥက္ကဋ္ဌကြီး သခင်လှဘော်ရဲ့ ဇနီး ဒေါ်သိန်း ရင်ဆိုတာ ကျုပ်ပါ။ ခုတော့ သူမရှိတော့ဘူး။ သူ့အပေါ်ထားတဲ့ စေတနာ ကြောင့် ကောင်းစားနေကြတဲ့ တချို့သခင်တွေအိမ်သွားရင် ဒေါ်ဒေါ့်ကို ဝိုင်းဝန်းထောက်ပံ့ကြလို့ ဒေါ်ဒေါ့်မှာ ကလေးတစ်ပုံနဲ့ ထမင်းမငတ်ခဲ့ဘူး။ သူဌေးမကြီးကတော့ ဒီလိုပြောတယ် ... ရာထူးတို့ ပစ္စည်းတို့ဆိုတာ သင်္ခါရတဲ့၊ ကုလားထိုင်ရှိတဲ့ သခင်တွေ ကုလားထိုင်ပြုတ်ပြန်ရင် ဒေါ်ဒေါ် ဒုက္ခတဲ့၊ ဒီတော့ ဒေါ်ဒေါ့်သားကို ကျောင်းထားပေးမယ်၊ ပညာတတ်တော့ အသက်မွေးဖို့လွယ်တယ်ဆိုပြီး ကျောင်းလခ အစဉ်ထောက်ပံ့နေတယ်။ အဲဒါ သားက ကျောင်းတက်ရင်း မအေ အုတ်သယ်တာကို ကျောင်းအား ရက် ဝင်သယ်တာ။ မဆလာ မခြောက်သေးတဲ့ လုပ်စနံရံ ပြိုကျပြီး ခေါင်း ဒဏ်ရာရသွားတယ်။ ဒဏ်ရာသာ ပျောက်သွားတယ်၊ စကားမပီတော့ဘူး။ ကျောင်းလည်း မတက်ရတော့ဘူး။ ကျောင်းလခလည်း လာမတောင်းမိ၊ သူ စိတ်ဆင်းရဲမှာစိုးလို့ ကိုယ့်ဒုက္ခလည်းကိုယ်မပြောချင်ဘူး။ ခုမှ ကျောင်း